AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

Book.35(637-652) မြင့်မြတ်နယ်မြေ မှ သံတမန်များ ရောက်လာခြင်း


.637

.638

.639

.640

.641

.642

.643

.644

.645

.646

.647

.648

.649

.650

.651

.652

၆၃၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၇ – အဆင့် ၅

ချီးမြှောက်ခြင်းနယ်ပယ် သို့တက်လှမ်းခြင်း

"တောင်ပိုင်းနယ်မြေကိုပဲ ဆက်သွားပါ။ အဲဒါ အန်ပိုင်ယွဲ့ ရဲ့အဖြေပဲ။"

အနက်ရောင်ဝတ်အမျိုးသမီး က “ပိုင်ယွဲ့၊ တောင်ပိုင်း နယ်မြေ မှာ အခွင့် အရေး ရှိ တယ် လို့ ထင်လား။

ယန်ယဲ့ မသေသေးရင်တောင်မှ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၁၀,၀၀၀)ကျော်နဲ့
ဝိညာဉ်နယ်ပယ်အလွှာအဆင့်၊
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူ သောင်းချီကို
ရင်ဆိုင်ရတဲ့အခါ သူဘာလုပ်နိုင်မလဲ?"

အန်ပိုင်ယဲ့ က မတ်တပ်ထရပ်ပြီး " လောဲ့ကျန်း
ဖက်ကို အခုနေ ပြန်သွားရင်
ငါတို့ရဲ့အရင်ကတိကို ဖြည့်ဆည်းပေးမယ်လို့
ထင်နေလား။ မဟုတ်ဘူး!
သူဒီလိုအခြေအနေတွေကို ကမ်းလှမ်းတာက

ငါ့အန်ကလန်ကို သူ့ဖက်မပါပါအောင်
ဆွဲခေါ် ဖို့သက်သက်ပဲ။

သူက ဘယ်လောက်ကြီးမြတ်တယ်ဆိုတာ
တောင်ပိုင်းနယ်မြေ ကို ပြသချင်တာလေ။

ဒါပေမဲ့ တကယ်တမ်း လက်တွေ့မှာ ငါတို့က
သူခိုင်းတာမှန်သမျှကို ရွေးချယ်ခွင့်မရှိဘဲ
လိုက်လုပ်ရမှာ ။

တကယ်လို့ သူက တိုက်ကြီးကို
ပေါင်းစည်းနိုင်ခဲ့ရင်တောင့် ငါတို့က ဖိနှိပ်ခံရပြီး
ဖျက်ဆီးတောင်ခံရနိုင်တယ်။"

ထိုစကားပြောပြီးသည်နှင့် အန်ပိုင်ယဲ့ က တံခါးဆီသို့ လျှောက်သွားကာ တံခါးရှေ့ရောက်သည်နှင့် ခဏရပ်တန့်လိုင်သည်။ သူမက “ဘယ်သူမှ သစ္စာဖောက်တာကို မကြိုက်ဘူး။ လော့ကျန်း လည်း ခြွင်းချက်မဟုတ်ဘူး။

သူဒီလိုအခြေအနေမျိုးနဲ့ ကမ်းလှမ်းတာက နောက်အကြောင်းရင်းတစ်ခုလည်း ရှိတယ်၊ အဲဒါက ငါ့ကို လက်စားချေဖို့ ရည်ရွယ်ထားလို့ပဲ။

နောက်တစ်ခု သတိထားရမှာက ဒေါ်လေး! ဒီတစ်ကြိမ် ငါတို့ရဲ့နောက်ဆုံးအခွင့်အရေးပဲ၊

ပြီးတော့ နည်းနည်းလေး အမှားက ငါတို့ရဲ့
တောင်ပိုင်းအန်ကလန် ကို အပြီးတိုင်
ပျက်စီးသွားလိမ့်မယ်!”

အနက်ရောင်ဝတ် အမျိုးသမီးက အန်ပိုင်ယဲ့
ထွက်ခွာသွားသည်ကို ကြည့်ရင်း
သက်ပြင်းတစ်ချက် ချလိုက်သည်…။

…

မူလစတေ်ာ။

ဤအချိန်တွင် ယန်ယဲ့ က အတော်လေး ဆိုးရွားနေ၏။

သူ့ရင်ဘတ်ပေါ် ရှိ ဒဏ်ရာက ဥပဒေသစွမ်းအင်များနှင့် ပြည့်နေသည်။

သစ်စိမ်းဝိညာဉ်ကသာ ၎င်းကို အဆက်မပြတ်သန့်စင်နေခြင်းမရှိလျှင် သေချာပေါက် ပို၍ကြီးမားလာပေမည်။

ထို့အပြင် သူ့ခန္ဓာကိုယ်ထဲရှိ မူလခရမ်းချီစွမ်းအင်ကြောင့်သာမဟုတ်ပါက ဤအချိန်တွင် သေဆုံးသွားပြီဖြစ်သည်။

ကလေးမလေးက ယန်ယွဲ့ ကို မူလစေတီ ထဲသို့
ခေါ်ဆောင်လာပြီးနောက်
တော်ဝင်ကျောက်ဖဲ့လုံကို ကိုင်ထားရင်း
ဆန်းကြယ်တိုက်ကြီး
နှင့်မသက်ဆိုင်သည့်ဘာသာစကားကို
ရေရွတ်နေသည်။

ရုတ်တရက် သူမ လက်ထဲရှိ
တော်ဝင်ကျောက်ဖဲ့လုံမှပြိုးပြိုးပြက်ပြက်
တောက်ပနေသည့်
အပြာရောင်အလင်းတန်းများ ထွက်လာပြီး
မူလစေတီ ၏ပထမထပ်မှ

ခရမ်းရောင်ချီစွမ်းအင် အားလုံး ယန်ယဲ့ ဆီသို့ အဆက်မပြတ် စီးဝင်လာကြသည်။

မကြာခင်မှာပဲ ကလေးမလေးက ယန်ယဲ့ ၏ရင်ဘတ်ကို ကြည့်လိုက်ရာ ဒဏ်ရာအရွယ်အစား သေးငယ်လာသည်ကို သတိပြုမိပြီး အံ့အားသင့်သွားသည်။

"ဒီမင်းသမီးပြောတာမှန်တယ်! အဲဒီမျိုးသမီးရဲ့ဥပဒေသစွမ်းအင်က နိမ့်ကျတဲ့တိုက်ကြီးကိုပဲ လွှမ်းမိုးနိုင်တယ်။

မူလစေတီ ထဲမှာ ကိုယ်ပိုင်ကမ္ဘာနဲ့
ဥပဒေသတွေရှိနေတယ်။ ဒီနေရာမှာ
သူမရဲ့စွမ်းအင်တွေက
သက်ရောက်မှုမရှိတော့ဘူး။ ဟားဟား!
ဒီမင်းသမီးက ညာဏ်ကြီးရှင်ပဲ…” သူမ
တွေးနေချိန်မှာပဲ ယန်ယွဲ့ ၏ရင်ဘတ်မှ
ဒဏ်ရာများ ဖြည်းညှင်းစွာ
ပျောက်ကွယ်လာသည်ကို
မြင်လိုက်သောအခါကလေးမလေး၏
မျက်နှာပေါ် ရှိ အမြဲလိုလို
အေးခဲနေသောအမူအရာအစား
အပြုံးများဝင်ရောက်ပေါ်လာသည်။

ပတ်ဝန်းကျင်ရှိ စွမ်းအင်များက

ရုပ်တန့်မသွားဘဲ ပို၍ သိပ်သည်းသော

အဟုန်ဖြင့် ယန်ယွဲ့ ဆီသို့ ဆက်ကာ

တိုးဝင်လာတော့သည်။ သို့သော်လည်း

ကလေးမလေး၏ မျက်နှာက အနည်းငယ်

ဖြူဖျော့သွားခဲ့သည်။

ဘုန်း!

ရုတ်တရက် ယန်ယွဲ့ ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ထွက်ပေါ်လာသည်။

အဆင့် ၄ ချိုးမြှောက်ခြင်းနယ်ပယ် ။

အဆုံးမရှိသော စွမ်းအင်များက သူ့ခန္ဓာကိုယ်ကို ပြုပြင်ပေးသည်နှင့်တစ်ပြိုင်နက် ယန်ယွဲ့၏ကျင့်ကြံမှုက လည်း အဆင့် ၄ ချိုးမြှောက်ခြင်းနယ်ပယ်သို့ ရောက်ရှိသွားသည်။

သို့သော် အဆုံးသတ်ဟုတ်ပုံမရသေးပေ။ ယန်ယွဲ့ နှင့်ပတ်ပတ်လည် ကီလိုမီတာ (၅၀၀)အတွင်းရှိ စွမ်းအင်များက တဖြည်းဖြည်း ပါးလွှကာ လျော့ကျလာခဲ့၏။

ဤအခိုက်တွင် ကလေးမလေးက လက်ကိုဝှေ့ယမ်းလိုက်ရာ ယန်ယဲ့ ပိုင်ဆိုင်သည့် အဆင့်လွန်စွမ်းအင်ကျောက်တုံး များပေါ်လာသည်။

ထို့နောက်တွင် အဆင့်လွန်စွမ်းအင်ကျောက်တုံး (၃၀,၀၀၀)ကျော်က ချက်ချင်းပင် လောင်ကျွမ်းကာ စွမ်းအင်ကြိုးများအဖြစ် ပြောင်းလဲ၍ ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသည်။

ဖူး!

ကလေးမလေး၏ ပါးစပ်မှ သွေးများ
စီးကျလာသည်။ သို့သော်လည်း သူမက
မရပ်တန့်ဘဲ ထိုလှျို့ဝှက်ဆန်းကြယ်သော
စကားလုံးများကို ဆက်၍ ရွတ်ဆိုနေ၏။

ခဏအကြာတွင်
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၉၀ ရာခိုင်နှုန်း
နီးပါးက ပြာအဖြစ်
လောင်ကျွမ်းသွားပါတော့သည်။

ဤအချိန်တွင် ယန်ယဲ့
၏ခန္ဓာကိုယ်သည်ပတ်ဝန်းကျင်မှ
အဆုံးမရှိစွမ်းအင်များကို သူ့ထံ
တိုးဝင်လာစေသည့်
ကြောက်မက်ဖွယ်ရေစီးကြောင်းကဲ့သို့
ထင်ရသည်။

သို့သော် တစ်ချိန်တည်းမှာပင် ယန်ယဲ့
၏အော်ရာ ကလည်း တဖြည်းဖြည်းနှင့် ပို၍
ကြောက်စရာကောင်းလာသည်…။

အုန်း!

ယန်ယဲ့ ဧါခန္ဓာကိုယ်ထဲမှ ယခင်ထက် နှစ်ဆပို၍ ကြောက်မက်ဖွယ်ကောင်းသော အော်ရာတစ်ခု ပေါက်ကွဲထွက်လာသည်။

ဤအခိုက်တွင် အလင်းရောင်များ ဖြာထွက်နေပြီး နဂါးငွေ့တန်းကဲ့သို့ ပတ်ဝန်းကျင်ဆီသို့ ပြန့်နှံ့သွား၏။ ထို့နောက် အာကာသဟင်းလင်းပြင် ထဲ၌ လှိုင်းတွန့်များ ပင် ထလာသည်။

အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ် ။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၁၈ –

ငါအမြန်ဆုံးသန်မာလာမယ်လို့ကတိပေးတယ်

တော်ဝင်ကေရာဇ်လုံ့တံမှ ထွက်ပေါ်လာသော အပြာရောင်အလင်းတန်းက ဖြည်းညှင်းစွာရွေ့လာချိန်တွင် ကလေးမလေး၏ခန္ဓာကိုယ်က ရုတ်တရက် ပြုတ်ကျသွားလေသည်။

သို့သော်လည်း မြေပြင်ပေါ်သို့ ပြုတ်ကျခါနီးတွင်  လက်တစ်စုံက သူမကို ဖမ်းဆုပ်လိုက်ပါသည်။

ယန်ယဲ့ သည် ကလေးမလေး ၏ဖြူဖျော့ဖျော့မျက်နှာကို စိုက်ကြည့်ရင်း စိုးရိမ်သည့်လေသံဖြင့် မေးလိုက်သည် "အဆင်ပြေရဲ့လား"

ကလေးမလေးက ခေါင်းခါလိုက်သည်။ "ငါ တားမြစ်နည်းလမ်းတစ်ခုကို သုံးခဲ့တာ၊

ဒါကြောင့် အချိန်တစ်ခုကြာအောင်
အိပ်စက်ရမယ်။ ဒါ နင့်အတွက်
ငါလုပ်နိုင်တာအကုန်ပဲ။

နင်က အခုထိအားနည်းလွန်းနေသေးတာကို
နားလည်ထားပါ။ တကယ်လို့ ဆက်ပြီး
အားနည်းနေဦးမယ်ဆိုရင် နင်က
တရားမျှတမှုဆိုတာကို မမျှော်လင့်နဲ့။
နင်အရမ်းကြိုးစားနေတယ်ဆိုတာ ငါသိတယ်၊
ဒါပေမယ့် နင် ဒီထက်ပိုပြီးကြိုးစားရမယ်။
နားလည်လား?"

ယန်ယဲ့ က လက်ကိုဆန့်၍ သူမ၏
ပါးစပ်ထောင့်မှသွေးများကို သုတ်ပေးကာ
ခေါင်းညိတ်လိုက်သည်။

ကလေးမလေးက ဤကဲ့သို့ တစ်ခါမှ
မကြုံဖူးသဖြင့် အနည်းငယ်တော့
မျက်မှောင်ကြုတ်သွား၏။

သို့သော် ယန်ယဲ့ ၏မျက်လုံးများတွင်
နူးညံ့သိမ်မွေ့သောခံစားချက်များကို သူမ

သတိပြုမိသောအခါတွင်
စိတ်သက်သာရာရဟန်များ ပေါ်လာသည်။

ဤအခိုက်အတန့်တွင်
ခရမ်းရောင်အလင်းတန်းတစ်ခုလင်းလက်လာ
ပြီး ခရမ်းရောင်မင့်ခ်ကလေး ပေါ်လာသည်။

ခရမ်းရောင်မင့်ခ်ကလေး က ယန်ယဲ့
၏ရင်ခွင်ထဲသို့ ချက်ချင်းတိုးဝင်လာပြီး
ခေါင်းသေးသေးနှင့် ယန်ယဲ့ ၏ရင်ဘတ်ကို
အဆက်မပြတ် ပွတ်သပ်လိုက်သည်။

ထို့နောက် တစ်ခုခုကို တွေးနေသကဲ့သို့
သူမအား ချုပ်နှောင်ထားသည့်
ကလေးမလေးကို
ဒေါသတကြီးစိုက်ကြည့်နေလေသည်။

ဤအခိုက်တွင် ယန်ယဲ့ က
ခရမ်းရောင်မင့်ခ်ကလေး ၏ခေါင်းလေးကို
ပွတ်သပ်ကာ ပြောလိုက်သည်။ "အငယ်လေး!
သူမက မင်းရဲ့အကျိုးအတွက် လုပ်ခဲ့တာ။
ဒီလိုအခြေအနေမျိုးမှာ မင်းအပြင်ထွက်ဖို့
လုံးဝအခွင့်အရေးမရှိတော့ဘူး။ နားလည်ပြီလား?"

ခရမ်းရောင်မင့်ခ်ကလေး ၏မျက်နှာက
ချက်ချင်းပင်
ဝမ်းနည်းသည့်အမူအရာများပေါ်လာသည်။

ယန်ယဲ့ က သူမလေး၏နဖူးကို နမ်းလိုက်ပြီး "
မင်းငါ့ကို စိတ်ပူနေတာ ငါသိပါတယ်၊ ဒါပေမယ့်
မင်းတစ်ခုခုဖြစ်သွားရင် ငါရူးသွားလိမ့်မယ် ။
မင်းက ငါ့အတွက် မဟုတ်သေးဘူး၊
ငါ့ဘဝထက် ပိုအရေးကြီးတယ်၊ ဒါကြောင့်
မင်းကို မင်းဘာမှဖြစ် ခွင့်မပြုနိုင်ဘူး။
နားလည်ပေးပါ။"

တစ်ဖက်တွင်မူ ကလေးမလေးက
အေးစက်သောလေသံဖြင့်
တိုးတိုးလေးဟစ်ကာ ကျေနပ်နေပုံရ၏။
သို့သော်လည်း သူမ၏ အသံက
အလွန်တိုးလျနေသောကြောင့် ယန်ယဲ့ နှင့်
ခရမ်းရောင်မင့်ခ်ကလေး တို့
သတိမထားမိလိုက်ကြပေ။

“မဟုတ်ဘူး!” ရုတ်တရက်ပင်
ခရမ်းရောင်မင့်ခ်ကလေး က ပါးစပ်

သေးသေးလေးကိုဟကာ စကား

ပြောလိုက်သည်။

သူမ၏ အသံက ဖီးနစ်ငှက်အော်မြည်သံကဲ့သို့

သာယာငြိမ့်ညောင်းလှသည်။

ထိုစကားပြောပြီးနောက်

ခရမ်းရောင်မင့်ခ်ကလေး က

လက်သည်းသေးသေးလေးဖြင့် ယန်ယွဲ့ကို

ကုတ်ခြစ်ကာ ယန်ယွဲ့ ၏လက်ပေါ်ကနေ

ခုန်ဆင်းလိုက်သည်။

သူမလေးက ရှက်ရွံ့သွားခဲ့ပုံပါ။

ယန်ယဲ့သည်တော့ လုံးဝ အံ့အားသင့်သွားကာ ခရမ်းရောင်မင့်ခ်ကလေး ကို ငေးကြည့်နေရုံသာ။

ခရမ်းရောင်မင့်ခ်ကလေး က စကားပြောနိုင်နေမည်ဟု မထင်ထားမိပေ။ "ဒီလိုဆိုရင် သူမက အမွေဆက်ခံတာ အောင်မြင်သွားပြီလား?"

"အဟွတ်...အဟွတ်!" ဤအချိန်တွင် ကလေးမလေးက ရုတ်တရက် ချောင်းဆိုးရင်း

ပါးစပ်ထဲကနေ သွေးအနည်းငယ်
အန်ထုတ်လိုက်၏။
ယန်ယွဲ့ က ကမန်းကတန်း လှည့်ကြည့်လိုက်ရာ
ကလေးမလေး ၏ မျက်နှာတွင်
မောပန်းနွမ်းနယ်နေသည့် အမူအရာများကို
မြင်လိုက်ရသည်။

ယန်ယွဲ့ က ထိတ်လန့်သွားပြီး သူမ အနားကို
ပြေးသွားကာ "အဆင်ပြေရဲ့လား" ဟု
အလျင်စလိုမေးလိုက်၏။

ကလေးမလေးက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "ငါ အိပ်စက်ရတော့မှာ။ ဒီတစ်ခါ နှစ်ရာနဲ့ချီပြီး အိပ်ရလိမ့်မယ်..." ဟု ပြန်ဖြေခဲ့သည်။

"ဘာလဲ?" ယန်ယဲ့ ဟာ အလွန်ပင် အံ့ဩသွားပါသည်။ "နှစ်ရာကျော်လောက်?" ကလေးမလေးက "ငါ့ရဲ့ မူလခွန်အားတွေ ကုန်သွားပြီ၊ ဒါကြောင့် ဒါက ငါ မျှော်လင့်ထားတဲ့အကောင်းဆုံး ရလာဒ်ပဲ။

နင် ငါ့ကို အမြန်ဆုံး နိုးထစေချင်ရင်တော့ နည်းလမ်းတစ်ခုပဲရှိတယ်။ အဲဒါက နင် မူလစေတီ ရဲ့ဒုတိယအဆင့် ကို ဝင်ပြီး အဲဒီနေရာက "ပြန်လည်နိုးထခြင်းဆေးလုံး"ကို ပေး။ မဟုတ်ရင် ငါ တကယ်ပဲ နှစ်ရာကျော် အိပ်စက်ရလိမ့်မယ်!"

"ငါ တတ်နိုင်သမျှ မူလစေတီ ရဲ့ဒုတိအဆင့်ကို အမြန်ဆုံးရောက်နိုင်မှာသေချာတယ်။ ပြီးတော့ မင်း ကို စောစောနိုးထလာမယ်လို့ ငါအာမခံတယ်!" ယန်ယွဲ့ က အားတင်းပြုံးပြပြီး

"ဒါဆို ငါ မင်းကို အိမ်ပြန်ပို့ပေးမယ်လို့ ကတိပေးတယ်!"

ကလေးမလေးက မျက်လုံးမမှိတ်ခင် ယန်ယွဲ့ကို လေးလေးနက်နက်အကြည့်ဖြင့် အချိန်တော်တော်ကြာထိ စိုက်ကြည့်လိုက်သည်။

ယန်ယွဲ့ သည် ကလေးမလေး ၏မျက်လုံးထဲမှ ပင်ပန်းနွမ်းနယ်နေသည့် အမူအရာများကို

မြင်လိုက်သောအခါ သူ့စိတ်ထဲ၌လည်း
နာကျင်သွားမိသည်။

"ငါ သန်မာလာမယ်လို့ ကတိပြုပါတယ်!"
ယန်ယဲ့ ၏အသံက မူလစေတီ ပထမအဆင့်
တစ်ခုလုံး မိုးချိန်းသံကဲ့သို့ မြည်ဟီးသွားသည်။

........

ရှေးဟောင်းဒိုမိန်းမြို့။

တင်းရှောက်ယောင်၊ ချင်ရှီယူ နှင့်
တောင်ပိုင်းနယ်မြေ ၏အင်အားစုအသီးသီးမှ
ပညာရှင်များ အားလုံး မြို့ရိုးပေါ်တွင်
ရပ်နေကြသည်။

တင်းရှောက်ယောင် က တစ်ခါမှ မမြင်ဖူးသည့်
ယ လူငယ်သုံးယောက်ကို စိုက်ကြည့်ရင်း
မျက်မှောင်ကြုတ်သွားခဲ့သည်။
"နင်တို့ကကဘယ်သူတွေလဲ?"

"ဘယ်လောက်တောင်လှပလိုက်တဲ့မိန်းမလှလဲ!
" လူငယ်သုံးယောက်အနက်တစ်ယောက်က
မြို့ရိုးပေါ်မှ လူတိုင်းကို ကြည့်နေရင်း
တင်းရှောက်ယောင် ကို သတိပြုမိသောအခါ
မျက်လုံးများအရောင်တောက်လာပြီး
ရယ်မောလိုက်သည်။

“ဟီးဟီး...။ စွန့်ပစ်ခံရတဲ့
ဆန်းကြယ်တိုက်ကြီးရဲ့ကျင့်ကြံသူတွေက
မသန်မာပေမဲ့ အလှတရားတွေ
အများကြီးရှိမယ်လို့တော့
တစ်ခါမှမထင်ထားဘူး။

စုဝူ! ငါ လင်းတျန် က ဒီအမျိုးသမီးတွေကို
လိုချင်တယ်။ သူတို့အတွက် ငါ့ကို မတိုက်ပါနဲ့။
ဟားဟား!"

လူငယ်က သူသည် သူ့အသံကို
ရည်ရွယ်ချက်ရှိရှိ မြှင့်တင်ထားသဖြင့်
ပတ်ဝန်းကျင်ဆီသို့ ပျံ့လွင့်သွားကာ
လူတိုင်းကြားနေရသည်။

တင်းရှောက်ယောင် နှင့် မြို့ရိုးပေါ်မှ

လူတိုင်းလည်း မျက်နှာ အမူအရာများ ချက်ချင်း

နစ်မြုပ်သွားခဲ့လေသည်။

၆၃၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၉ – ပြန်လာခဲ့ပြီ

စုဂူ ဟုခေါ်သည့် ခေါင်းဆောင်လူငယ်က တင်းရှောက်ယောင်  နှင့် အခြားလူများကို တစ်ချက်ကြည့်လိုက်ပြီးနောက် "ငါတို့ဒီမှာရှိတဲ့ကိစ္စပြီးတာနဲ့ မင်းစိတ်ကြိုက်လုပ်လို့ရပြီ" ဟု ပြောလိုက်သည်။

လင်းတျန် က ထိုစကားကိုကြားသောအခါ အလွန်ဝမ်းသာသွားပြီး လေထဲသို့ခုန်တက်ကာ တင်းရှောက်ယောင် အပေါ်အဝင် ကျန်မိန်းမပျိုများကို ရမက်ဆန်သောအကြည့်နှင့် ကြည့်လိုက်ပြီး

"အလှလေးတွေ! မင်းတို့ ကြားလား?
ဒီနေ့ကစပြီး မင်းတို့အားလုံး ငါ့အပိုင်ဖြစ်ပြီ။
ဟားဟား! စိတ်မပူပါနဲ့၊
မင်းတို့ငါ့ကိုကျေနပ်စေရင် မင်းတို့အားလုံးကို
"မြင့်မြတ်နယ်မြေဆီ" ခေါ်သွားမယ်။"

ရှစ် ။

ဓားချီကြီးတစ်ချောင်းက လေထဲသို့
ပျံသန်းလာပြီး အော်ဟစ်ရယ်မောနေသည့်
လင်းတျန် ရှေ့သို့ ချက်ချင်းရောက်လာသည်။

"အဆင့် ၈ ဆေဘာစိတ်ဆန္ဒ? စိတ်ဝင်စားစရာ ဟားဟား!" လင်းတျန် က နဂါးတစ်ကောင်ကဲ့သို့ ရှေ့ခုန်ထွက်လာပြီး လှံကို တစ်ချက်ယမ်းကာ ဆေဘာကြီးကို အပိုင်းပိုင်းခွဲလိုက်သည်။

ထို့နောက်တွင် သူ့အကြည့်များက ရှောင်ယူ့ရှီ ပေါ်သို့ ကျဆင်းသွားကာ လှောင်ပြောင်သည့်အမူအရာကို ထုတ်ပြလိုက်သည်။ "အိုး ၊ အရမ်းလည်း ချစ်စရာကောင်းတယ်။ ဟားဟား! မင်းလို မိန်းမတွေကို ငါကြိုက်တယ်။

ဒီလိုမျိုးတိုက်ပွဲက

အရမ်းစိတ်ဝင်စားစရာကောင်းလိမ့်မယ်။

ဟားဟား!"

ရှောင်ယုရှီက ထပ်မံ၍

တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော် တင်းရှောက်ယောင် က သူမကို

တား၍ လူငယ်ကို စိုက်ကြည့်ကာ

"နင်တို့သုံးယောက်က လော့ကျန်း ရဲ့

လက်အောက်ခံ ဖြစ်ပုံမပေါ်ဘူး

ဟုတ်တယ်မလား ?"

"အလှလေး!" လင်းတျန်က တင်းရှောက်ယောင်ကို စိုက်ကြည့်ရင်း "မင်းရဲ့မသိနားမလည်မှုနဲ့ မင်းက အရမ်းလှတယ် ဆိုတဲ့အချက်ကို ထောက်ထားလို့ ဒီသခင်ငယ်က ငါတို့ရဲ့ နောက်ခံအကြောင်း ပြောပြလိုက်မယ်။

ငါတို့က "မြင့်မြတ်နယ်မြေ"ကနေ လာခဲ့တာပဲ။ နယ်ခြားကျင့်ကြံသူတွေနဲ့တိုက်ခိုက်တဲ့အခါ တိုက်ကြီးတစ်ခုလုံးရဲ့ထိပ်သီးပညာရှင်တွေကို ငါတို့နဲ့ပူးပေါင်းဖို့ မြင့်မြတ်နယ်မြေ ကနေ လာခဲ့တာ။

ငါတို့က လူသားကေရာဇ် ရဲ့
ကံကြမ္မာစွမ်းအားကို လိုအပ်နေတယ်။
ဒါကြောင့် မင်းတို့အားလုံး အဓိပ္ပါယ်မဲ့တဲ့
ခုခံမှုတွေလုပ်မနေနဲ့တော့။
စိတ်မပူပါနဲ့ အလှလေးရယ်၊ မင်းတို့အားလုံး
ငါ့အပိုင်တွေဖြစ်လို့ လူသားကေရာဇ် က
မင်းတို့ကိုဒုက္ခပေးခွင့်မပြုဘူး။ ဟားဟား"

"နင် သူ့ကို တားမှာ မဟုတ်ဘူးလား"
အပြာရောင် ဝတ် အမျိုးသမီး က ရုတ်တရက်
ပြောလိုက်သည် ။

စုဝူ က "လင်းတျန် က သူတို့ကို သဘောကျတာ သူတို့အတွက် ဂုဏ်ယူစရာပဲ မဟုတ်လား"

"ဒီလိုလုပ်တာက ငါတို့ရဲ့မစ်ရှင်ကို ဖျက်ဆီးပစ်မှာ မစိုးရိမ်ဘူးလား" အမျိုးသမီးက ပြောသည်။

“ငါတို့ မြင့်မြတ်နယ်မြေ ရဲ့အမိန့်ကို ဘယ်သူက မနာခံရဲတာလဲ။” စုဝူ က အေးစက်သောလေသံဖြင့် ပြန်ပြောလိုက်၏။

အပြာရောင်ဝတ် အမျိုးသမီးက
စကားမပြောဘဲ တိတ်ဆိတ်သွားသည်။

တင်းရှောက်ယောင် က ခေါင်းခါလိုက်ပါသည်။
"နင်တို့ ဘယ်ကလာလဲ ဒါမှမဟုတ် နင့်ရဲ့
ခွန်အား ဘယ်လောက်ပဲ
ကြောက်စရာကောင်းနေပါစေ
နင်မပြောသင့်တဲ့အရာကို ပြောခဲ့တာပဲဆိုတာ
ငါသိတယ်။ ဒီတော့ နင်တို့အားလုံး အဲဒီအတွက်
ကြောက်စရာကောင်းတဲ့ တန်ကြေးကို
ပြန်ပေးဆပ်ရလိမ့်မယ်။"

အမှန်စင်စစ် ယန်ယဲ့ က မည်ကဲ့သို့
လူစားမျိုးလဲ?
၎င်းသည် အမှန်ပင် အရူးတစ်ယောက် ဖြစ်၏။
၎င်းတို့က သူ့ကို စော်ကားလိုက်သည်နှင့်
မြင့်မြတ်နယ်မြေ က မည်ကဲ့သို့
တည်ရှိမှုဟူသည်ကိုပင်
ဂရုစိုက်နေမည်မဟုတ်ပေ။

"ဟုတ်လား?" လင်းတျန် က
ရယ်မောလိုက်သည်။ ခဏအကြာတွင်

အရယ်ရပ်ပြီး "ငါတို့က ကြီးကြီးမားမား ပြန်ပေးဆပ်ရမယ်။

တကယ့်ကို ရယ်စရာကောင်းလိုက်တာ။ စွန့်ပစ်ခံရတဲ့တိုက်ကြီးမှာနေတဲ့လူတွေက ငါတို့ကို ဒီလိုကြောက်စရာကောင်းတဲ့အရာမျိုးပေးမှာတဲ့လား။

အလှလေး၊ အိပ်ယာပေါ်မှာပြောနေတာလား။ ဟားဟား! စိတ်မပူပါနဲ့ ငါ့လုံက ဘယ်တော့မှ မကျဘူး။ မင်းဘယ်လောက်ပဲ သတ္တိရှိရှိ ငါ ထိန်းနိုင်လိမ့်မယ်!"

ဗို။

ထိုအချိန်တွင် ရှောင်ယုရှီ က လေထဲ၌ ပေါ်လာပြီး အေးစက်စက် အလင်းတန်းတစ်ခုပါ လင်းလက်လာသည်။

ထို့နောက် တလက်လက်တောက်ပနေသည့် ဓားချီကြိုးတစ်ချောင်းက အာကာသဟင်းလင်းပြင် ကို ဆုတ်ဖြဲကာ လင်းတျန် ဆီသို့ တည့်တည့်တိုးဝင်သွား၏။

"ဟမ်!" လင်းတျန်က

သူ့လက်ထဲတွင်ကိုင်ထားသည့် လှံကို လျင်မြန်စွာ ဝှေ့ယမ်းရင်း အေးစက်စွာ အော်ဟစ်လိုက်သည်။

လှံထိပ်ဖျားကနေ ရွှေရောင်အလင်းတန်းများ တောက်ပလာကာ ဓားချိုကြိုး ပြင်းထန်စွာ တိုက်မိသွားသည်။

အုန်း!

တိုက်ခိုက်မှုနှစ်ခုလုံး လေထဲ၌ ပေါက်ကွဲသွားကြသည်။

လင်းတျန် က တဟားဟား ရယ်လိုက်သည်။

" အလှလေး ၊ မင်းရဲ့ ခွန်အားက လုံးဝ

မဆိုးပါဘူး၊ မင်းရဲ့ဓားကလည်း ကောင်းတယ်။

လာ၊ စမ်းကြည့်ရအောင်!"

ထိုစကားပြောပြီးသည်နှင့် ရှောင်ယုရှီ ထံသို့

လျှပ်တစ်ပြက် ခုန်ဝင်လာလေသည်။

ရှောင်ယုရှီ ၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားကာ

(Sheerwing)ကို ထုတ်ယူပြီး
ဆွဲဖွင့်လိုက်သည်။

ထို့နောက် အထဲကနေ ဓားသွားလှိုင်းတစ်ခု
ထွက်လာကာ အာကာသဟင်းလင်းပြင် က
ကွဲအက်သွားပြီး ရှေးဟောင်းဒိုမိန်းမြို့အထက်
ကောင်းကင်တွင် ရောမအက်ကြောင်းကြီး
ပေါ်လာခဲ့လေသည်။

ရှောင်ယုရှီ ၏ တိုက်ခိုက်မှုကြောင့်
အာကာသဟင်းလင်းပြင် အက်ကွဲသွားသည်ကို

မြင်လိုက်သောအခါ လင်းတျန် ၏မျက်လုံးထဲ၌ အံ့အားသင့်အမူအရာများပေါ်လာသည်။

"အလှလေး! မင်းမှာ အရည်အချင်းရှိတယ်ဆိုတာ ငါ သတိမထားမိဘူး။ ဒါပေမဲ့ ဒီလိုမျိုးဆိုရင်တောင် ဒီအစ်ကိုကြီး ရှေ့မှာတော့ မလုံလောက်သေးဘူး။ ကောင်းပြီ၊ ဒီအစ်ကိုကြီး မင်းနဲ့ ဆက်ကစားဖို့ အချိန်မရှိဘူး!"

လင်းတျန်က ပြောပြီးသည်နှင့် သူ့လက်ထဲမှ လှံရှည်ကို ရုတ်တရက် လှည့်ချလိုက်ရာ

လှံထိပ်ဖျားကနေ လှံပုံရိပ်များ ကွဲထွက်လာပြီး ကောင်းကင်အပြည့်ဖုံးလွှမ်းသွားသည်။

ထို့နောက်တွင် လှံပုံရိပ်များ က ရှောင်ယုရှီ ၏ခေါ်ဆောင်းသွားလှိုင်း ကို အပိုင်းပိုင်းခွဲပစ်လိုက်သည်။တစ်ချိန်တည်းမှာပင် လင်းတျန် က ရှောင်ယုရှီ ရှေ့သို့ပေါ်လာပြီး သူ၏လက်တစ်ဖက်က တစ်နေရာရာကို ဦးတည်နေသည်။

"ယုရှီ၊ သတိထား!" တင်းရှောက်ယောင်
၏အမူအရာ ပြောင်းသွားပြီး
အသံကုန်အော်ဟစ်လိုက်သည်။

သူမက ရှောင်ယုရှီ ကို ကယ်တင်ရန်
အကူအညီစေလွှတ်ခါနီးတွင် မိုးကုပ်စက်ဝိုင်းမှ
ဓားအလင်းတန်း ထွက်ပေါ်လာသည်ကို
သတိပြုမိသွား၏။

တင်းရှောက်ယောင် နှင့် မြို့ရိုးပေါ်မှ မိန်းမပျို
အားလုံး ထိုဓားအလင်းတန်း ကို
တွေ့လိုက်သောအခါ ချက်ခြင်း
သက်ပြင်းချလိုက်ကြသည်။

တစ်ဖက်၌ အပြာရောင်ဝတ်အမျိုးသမီး က
ဓားအလင်းတန်း ကို မြင်တွေ့ပြီးနောက်
မျက်နှာပျက်သွား၏။

စုဝူ ၏အမူအရာသည်လည်း
ပြောင်းလဲသွားကာ သူ့လက်ထဲတွင်
ထူးဆန်းသော သင်္ကေတတစ်ခု
အရှိန်ပြင်းပြင်းဖြင့် လှည့်ပတ်လာပြီး ဓားကို
ဖိနှိပ်ထားလိုက်ရသည်။

သို့သော် အမှန်စင်စစ် ထို ဓားအလင်းတန်း ၏ပစ်မှတ်က ရှောင်ယု၍ှ နှင့်တိုက်ခိုက်နေသည့် လင်းတျန် ဖြစ်သည်။

လင်းတျန် က သူ့အပေါ် ဖိနှိပ်လာသည့် အားလှိုင်းကို သတိပြုမိသောအခါ လျင်မြန်စွာ လှည့်ကြည့်လိုက်ပြီး လှံကိုဝှေ့ယမ်းကာ ဓားအလင်းတန်း ကို ရိုက်ထုတ်လိုက်သည်။

အုန်း!

၎င်း၏ခန္ဓာကိုယ်က မီတာ (၃၀၀)ကျော် အကွာသို့ လွင့်ပျံသွားကာ လုံကိုင်ထားသည့် လက်ဝါးကနေ သွေးစိမ်းများ မပြတ်စီးကျနေကာ လက်ဝါးတစ်ဖက်လုံး ပွင့်ထွက်သွားသည်။

လင်းတျန် ၏အမူအရာ က ချက်ချင်းပင် ပြင်းထန်လာတော့သည်။

ဤအချိန်မှာပဲ ယန်ယဲ့ နှင့် အလောင်းကောင်ဘိုးဘေး တို့ ထွက်ပေါ်လာခဲ့ကြ၏။

"ဒါက ယန်ယဲ့ ပဲ၊ ယန်ယဲ့ ရောက်လာပြီ။ သောက်ကျိုးနည်း! သူက တကယ်ကြီး အသက်ရှင်နေသေးတယ်! သူ အသက်ရှင်နေသေးတယ်! ဟားဟား!"

"ဟားဟား! ယန်ယဲ့ က အသက်ရှင်နေသေးတယ်ဟေ့။”

"ယန်ယဲ့ အသက်ရှင်နေသေးတယ်ဆိုတော့
လော့ကျန်း ရောက်လာရင်တောင်
ဘာမှမဖြစ်တော့ဘူး။ ဟားဟား!"

"ယန်ယဲ့! ယန်ယဲ့,ယန်ယဲ့!” ယန်ယဲ့
ပေါ်လာသည်ကို မြင်တွေ့ပြီးနောက်
ရှေဟောင်းဒိုမိန်းမြို့၏ မြို့ရိုးပေါ် ရှိလူတိုင်း
ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

“ဟီးဟီး….” အလောင်းကောင်ဘိုးဘေး ထံမှ ထူးထူးဆန်းဆန်းရယ်မောသံ ထွက်လာ၏။
"ကလေး၊ မင်းဒီမှာ
တော်တော်နာမည်ကြီးနေပုံပဲ"

ယန်ယဲ့ က အလောင်းကောင်ဘိုးဘေးကို ဂရုမစိုက်။ ရှောင်ယုရှီ ထံ လျှောက်သွားပြီး သူမ၏လက်ကို ဆုပ်ကိုင်လိုက်ကာ "မင်း အဆင်ပြေရဲ့လား" ဟု မေးလိုက်သည်။

ရှောင်ယုရှီ က ခေါင်းခါလိုက်ပြီး
“သူတို့ရဲ့နောက်ခံက မရိုးရှင်းဘူး။
နင်သတိထားရမယ်!"

"ယန်ယဲ့! မင်းက တကယ်
အသက်ရှင်နေသေးတာပဲ!" ထိုအချိန်တွင်
လော့ကျန်း က လူတစ်စုနှင့်အတူ အဝေးကနေ
ပေါ်လာသည်။

ယန်ယဲ့ အမှန်တကယ်
အသက်ရှင်နေသေးသည်ကို

သတိပြုမိသောအခါ သူ၏အမူအရာက
အရောင်အသွေးစုံလင်သွားခဲ့သည်။

တစ်ဖက်တွင် လော့ကျန်း ၏နောက်မှ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အားလုံး
မျက်လုံးထဲ၌ ကြောက်ရွံ့မှုများ
ပြည့်နှက်နေသည်။

“မင်း အခု မြို့ထဲကိုပြန်ဝင်သွားလိုက်။
ကျန်တာငါ့ကိုထားခဲ့!" ယန်ယဲ့ က
ရှောင်ယုရှီအား တိုးတိုးလေးပြောလိုက်သည်။

ရှောင်ယုရှီ က ခေါင်းညိတ်ပြပြီးနောက် ရှေးဟောင်းဒိုမိန်းမြို့ဆီသို့ပျံသန်းသွားပါသည်။

ထို့နောက်တွင် ယန်ယဲ့ က လော့ကျန်း ကို စူးစိုက်ကြည့်ရင်း ၎င်း နောက်ကွယ်မှ တပ်ဖွဲ့ဝင်များကို ကြည့်ကာ ရယ်မောလိုက်သည်။ " ဒါက မင်းခေါ်လာတဲ့ အင်အားတွေပဲလား။ လော့ကျန်း! ဒီအင်အားအနည်းငယ်က မင်းကိုကာကွယ်ပေးနိုင်တာ သေချာရဲ့လား "

ယန်ယဲ့!" လော့ကျန်း ၏အမူအရာ က ပြင်းထန်စွာ ပြောင်းလဲသွားလေသည်။

ချက်ချင်းပင် နောက်ပြန်လှည့်၍ သူ့အဖွဲ့ကို ထွက်သွားခိုင်းလိုက် ၏။

ဤအခိုက်တွင် ယန်ယဲ့ ပေါ်လာသည့်အတွက် သူ့လက်အောက်ငယ်သားများကို မသေစေချင်ပေ။

သူ့တွင် နယ်မြေ ၃ ခု
ယုံကြည်ခြင်းစွမ်းအင်ရှိနေသောကြောင့် ယန်ယဲ့
နှင့် ရင်ဆိုင်တိုက်ခိုက်ရန်
ယုံကြည်မှုရှိနေပေသည်။

သို့ရာတွင် ယန်ယဲ့ ဖက်၌
အလောင်းကောင်ဘိုးဘေးနှင့်
နတ်ဘုရားသားရဲရွှေနဂါးတို့ ရှိနေသေး၏။

သူ ယန်ယဲ့ နှင့် တိုက်ခိုက်နေချိန်တွင်
ထိုနှစ်ဦးသာ သူ့လက်အောက်ငယ်သားများကို

တိုက်ခိုက်ပါက သေချာပေါက်
သေဆုံးသွားမည်ဖြစ်သည်။

၆၄၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၀ – လော့ကျန်း နောက်ဆုတ်ပြီ

မူလက သူသည် ဤအဖွဲ့အား
မြင့်မြတ်နယ်မြေမှ လူငယ် ၃ ဦး၏ ခွန်အားကို

သက်သေပြရန်
ဦးဆောင်ခေါ်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ထိုအစား ယန်ယွဲ့ ကိုသာ
ပြန်မြင်ရလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"သူတော်စင်တစ်ပါး တောင် ယန်ယွဲ့ ကို
မသတ်နိုင်ခဲ့ဘူးလား?" လော့ကျန်း ၏မျက်နှာ
က ကြောက်မက်ဖွယ်ကောင်းလောက်အောင်
ဖြူဖျော့နေကာ လက်သီး ကို
တင်းတင်းဆုပ်ထားသည်။

ယန်ယဲ့ ကို သတ်ချင်နေသည့်တိုင် အန်နန်ကျင်း ကလွဲ၍ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးရှိ မည်သည့် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်မှ ၎င်းကို သတ်နိုင်မည့်လူမရှိပေ။

မြင့်မြတ်နယ်မြေ ၏ အဖွဲ့ဝင် ၃ ယောက်နှင့် ပတ်သက်လျှင်လည်း သူ့စိတ်ထဲ၌ ၎င်းတို့ကို လုံးဝအလေးမထားခဲ့ပါ။

"လူသားကောရာဇ်၊ ခဏစောင့်!" ဤအချိန်မှာပဲ စုဝူ က ပြောလာသည်။ "မင်း တောင်ပိုင်းနယ်မြေကို သိမ်းပိုက်ချင်တာ မဟုတ်လား။ စိတ်မပူပါနဲ့၊ ငါတို့ သုံးယောက်

ဒီမှာ ရှိတယ်။ ဘယ်သူက ငါတို့ကို

ခုခံရဲတာလဲဆိုတာ ငါကြည့်ပါရစေ။”

လော့ကျန်း က အသက်ပြင်းပြင်းရှူရင်း စုဝူ ကို

လှည့်ကြည့်လိုက်ပြီးနောက်

“ဂုဏ်ကျက်သရေရှိတဲ့ သံတမန်ကြီးတွေကို

အကြံဉာဏ်လေးတချို့ပေးပါရစေ။

မင်းမသေချင်ရင် မြင့်မြတ်နယ်မြေ ကို

ပြန်သွားပြီး မင်းနဲ့အတူ နောက်ထပ်

လူအင်အားများများခေါ်လာခဲ့ပါ။"

ထိုစကားပြောပြီးသည်နှင့် လော့ကျန်း က

တစ်ခဏပင် မနေဘဲ

မြင့်မြတ်သောဟန်အင်ပါယာ
၏တပ်ဖွဲ့ဝင်များကို ဦးဆောင်ကာ
လူတိုင်းရှေ့ကနေ
ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။

စုဝူ က မျက်နှာကွက်ခနဲပျက်သွားသည်။
"ကြည့်ရတာ လူသားကမ္ဘာမှာ
မင်းရဲ့ဂုဏ်သတင်းက တကယ်ကို ကြီးမားပုံပဲ။"
ထိုအချိန်တွင် လင်းတျန် က
မတ်တပ်ထရပ်လာပြီး ပြောလိုက်၏။

"ဒါပေမဲ့ ဒီနေ့ပြီးရင် မင်းမရှိနေတော့မှာမို့လို့ အရေးမကြီးပါဘူး။ အဲဒီအမျိုးသမီးက မင်းရဲ့ ဇနီးလား။ ဟားဟား! စိတ်မပူပါနဲ့၊ မင်းသေပြီးရင် ငါ သူ့ကို ကောင်းကောင်း ပြုစုပေးမယ်။ ဟားဟား!"

အလောင်းကောင်ဘိုးဘေး က ခေါင်းခါလိုက်သည်။ "ငါ့တစ်သက်မှာ သေဖို့ အရမ်းစိတ်အားထက်သန်တဲ့လူကို တစ်ခါမှ မတွေ့ဖူးဘူး!"

"သတိထားပါ လင်းတျန်!" ထိုအချိန်တွင် စုဝူက ၎င်းတို့ ရှေ့မှ လူငယ်ထံမှ အန္တရာယ်အငွေ့အသက်ကို ခံစားမိသဖြင့် ရုတ်တရက်သတိပေးလိုက်သည်။

“သတိမလွတ်ပါနဲ့။ သူက အရမ်းသန်မာတယ်!” အပြာရောင်ဝတ်အမျိုးသမီးကလည်း မျက်နှာပေါ်တွင် လေးနက်သော အမူအရာဖြင့် သတိပေးလေသည်။

သူမက ဓားပညာရှင် တစ်ဦး ဖြစ်ရာ ယန်ယဲ့ ပေါ်လာပြီးနောက် သူမ၏လက်ထဲမှ ဓားက လွ

တ်ပြောက်ရန် ရုန်းကန်နေသည်ကို
ကောင်းစွာခံစားမိခဲ့သည်။

သူမက အဆင့် ၇ ခားစိတ်ဆန္ဒ ကို
နားလည်ထားပြီး
ရှေးဟောင်းခားနည်းစနစ်တစ်ခုကို
လေ့ကျင်ထားသော်လည်း ဤလူငယ် က
သူမ၏ခားကို အမှန်ပင်ခြိမ်းခြောက်နေသည်။

ဤအရာကြောင့် အပြာရောင်ဝတ်အမျိုးသမီး
က ယန်ယဲ့ နှင့်ပတ်သက်၍ ပို၍ပင်
စူးစမ်းချင်လာသည်။

လင်းတျန် က အထင်အမြင်သေးစွာ
ရယ်မောရင်း "သူ့ရဲ့ခြားနည်းစနစ်က
အတော်လေးကောင်းပါတယ်။ ဒါပေမဲ့ ငါ
သတိမလွတ်ဘူးဆိုရင် ဒီလိုလူ ၁၀
ယောက်လောက်ရှိနေရင်တောင် ငါ့ကို
ဒဏ်ရာရအောင် မလုပ်နိုင်ဘူး။"

"မင်းပြောလို့ပြီးပြီလား?" ထိုအတောအတွင်း ယန်ယဲ့ က လင်းတျန် ဆီသို့ လျှောက်လာကာ အလောင်းကောင်ဘိုးဘေး ကို လှည့်ကြည့်ရင်း "လူယုတ်မာ၊ အဲဒီနှစ်ယောက်ကို စောင့်ကြည့်ပေးထားဦး။ သူတို့ကို မလွှတ်စေနဲ့!"

"ခွေးကောင်! ငါ့ကို ဘိုးဘေးလို့ ခေါ်။ ငါ့ကို ဘိုးဘေးလို့ ခေါ်။ ငါ့ဖင်ကို လူယုတ်မာလား!" အလောင်းကောင်ဘိုးဘေး က ဒေါသတကြီးအော်ဟစ်လိုက်၏။

ယန်ယဲ့ က အလောင်းကောင်ဘိုးဘေး ကို
ဂရုမစိုက်အားတော့ပေ။

သူ့ခန္ဓာကိုယ်က တဖျပ်ဖျပ်တောက်ပလာပြီး
လင်းတျန် ရှေ့သို့ တိုက်ရိုက် ရောက်သွား၏။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ကနေ
ပြင်းထန်သည့် ဓားအငွေ့အသက်များ
ထွက်ပေါ်လာပြီး လင်းတျန် ကို
ဖိနှိပ်လိုက်သည်။

ထို့နောက်တွင် အာကာသဟင်းလင်းပြင် က တိုက်ရိုက်ကွဲထွက်သွားပြီး ထူးဆန်းသော လှိုင်းတွန့်များ ထလာလေသည်။

လင်းတျန် ၏မျက်လုံးများသည် ချက်ချင်းပင် ကျဉ်းမြောင်းလာခဲ့ပါသည်။

" စွန့်ပစ်ခံရတဲ့ ဒီကမ္ဘာက ဒီလူဟာ သန်မာနေတာလား?"

ဤအချိန်တွင် သူက အနည်းငယ်မျှပင် ဂရုမစိုက်ဘဲ မနေဝံ့တော့ပေ။

သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို လုံ့ရှည်ထဲသို့ အဆက်မပြတ် ပို့လွှတ်ပြီးနောက် ခုန်ထကာ လုံ့ကို ဝှေ့ယမ်းပြီး ယန်ယဲ့ ၏ဓား ကို ရိုက်ထုတ်လိုက်သည်။

အုန်း!

လင်းတျန် ၏လက်ထဲမှ လုံ့ရှည်က လေးကိုင်းသဏ္ဌာန် ကွေးညွတ်ကာ ချက်ချင်းဆိုသလိုပင်

သူ့ခြေထောက်နှစ်ဖက်အောက်မှ မြေပြင်ဟာ
အက်ကြောင်းများ ပြန့်နှံ့သွားပါတော့သည်။

ထိုအချိန်တွင် ယန်ယွဲ့ ၏ခန္ဓာကိုယ်ကနေ
အဆင့် ၉ ဓားစိတ်ဆန္ဒ ထွက်ပေါ်လာသည်။

လင်းတျန် ၏အမူအရာ က ရုတ်ချည်းပင်
ပြောင်းလဲသွားကာ
သူ့လက်ထဲတွင်ကိုင်ထားသော
ကောင်းကင်လှံက

ကျယ်လောင်သည့်ပေါက်ကွဲသံနှင့်အတူ
အပိုင်းပိုင်း ကွဲထွက်သွားလေတော့သည်။

ထို့နောက် ယန်ယဲ့ ၏အုပ်ချုပ်သူများက
လင်းတျန် ၏ခေါင်းကို ခုတ်ပိုင်းချလာသည်။

လင်းတျန် သည်လည်း ထိတ်လန့်သွားကာ
သေါင်းကို ဘေးသို့ စောင်းလိုက်ရာ
အုပ်ချုပ်သူများက သူ့ပုခုံးပေါ်
ပိုင်းချသွားခဲ့သည်။

ခွပ်!

လင်းတျန် ဓါးခန္ဓာကိုယ်က မြေပြင်ပေါ်

ပြုတ်ကျလာကာ ကျယ်လောင်သော

အော်ဟစ်သံ ပါ ထွက်ပေါ်လာ၏။

"မင်းဘယ်လိုတောင်တိုက်ခိုက်ရဲတာလဲ!" စုဝူ

က ရှေ့ထွက်လာပြီး တိုက်ခိုက်ရန် ပြင်လိုက်စဉ်

အလောင်းကောင်ဘိုးဘေး က

ဟန့်တားလိုက်ပါသည်။

တစ်ဆက်တည်း "ကောင်လေး၊ မင်းဒီမှာ

နာခံမှုရှိရှိ ရပ်နေသင့်တယ်။ မဟုတ်ရင်

မင်းရဲ့ဘိုးဘေး ငါက မင်းကို
သတ်ဖို့ငါ့စိတ်ကိုထိန်းထားနိုင်မှာမဟုတ်ဘူး။”

"ဟမ့်၊ မင်းကဘာကောင်လဲ?" စုဂူ က
ဒေါသတကြီး အော်ဟစ်ပြီး လက်ကို
ဝှေ့ယမ်းလိုက်သည်။
သူ့လက်ထဲမှ သင်္ကေတတစ်ခုထွက်လာပြီး
အလောင်းကောင်ဘိုးဘေး၏ ရင်ဘတ်ကို
ထိမှန်သွားပါသည်။

ဘုန်း!

အလောင်းကောင်ဘိုးဘေး ၏ရင်ဘတ်၌ အမှတ်အသားတစ်ခုပေါ်လာကာ နောက်သို့ ခြေနှစ်လှမ်းဆုတ်သွားလိုက်ရသည်။

“မင်း…. မင်းဘယ်လိုဖြစ်နိုင်မှာလဲ...." စုဝူ က အလောင်းကောင်ဘိုးဘေးကို အံ့အားသင့်စွာ စိုက်ကြည့်ရင်း "မင်း ဘယ်လိုဖြစ်ပြီး မထိခိုက်နိုင်ရတာလဲ!"

"မင်းက မြင့်မြတ်နယ်မြေ ကနေ လာတာမဟုတ်လား?" ဟုပြောရင်း အလောင်းကောင်ဘိုးဘေး ၏မျက်လုံးထဲ၌ သွေးရောင် မီးတောက်များ ရုတ်တရက် တောက်လာသည်။

၆၄၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၁ – နတ်ဆိုးအကျဉ်းထောင်

"မင်း ငါတို့ရဲ့မြင့်မြတ်နယ်မြေ တွေကို
ဘယ်လိုသိနေတာလဲ?" စုဝူ က
အံ့အားသင့်သွားပြီးနောက်
ဒေါသတကြီးပြောလိုက်သည်။
"မင်းသိပြီးကတည်းက ငါတို့ကို တိုက်ခိုက်ဖို့
သတ္တိရှိလား။ သေလမ်းကိုရှာနေတာလား။"

အလောင်းကောင်ဘိုးဘေးက လက်ကို
တစ်ချက်ယမ်းလိုက်ရာ
သွေးဓားကြီးတစ်ချောင်း ပေါ်လာလေသည်။
ထို့နောက် တဟားဟား ရယ်မောလိုက်၏။

"ဟီးဟီး.... ။ မြင့်မြတ်နယ်မြေ..... ဒီကလေးက ငါ့ကိုတားရင်တောင် မင်းတို့ကို ဒီနေ့ သတ်ပစ်မယ်။"

"မြင့်မြတ်နယ်မြေတွေ? မြင့်မြတ်နယ်မြေ ဆိုတာ ဘာလဲ? ဤအခိုက်တွင် ယန်ယဲ့ ၏အသံ ရုတ်တရက် ထွက်လာသည်။

လူတိုင်း ယန်ယဲ့ ဖက်သို့ လှည့်ကြည့်လိုက်ရာ သူ့လက်ထဲတွင် လင်းတျန် အား ချုပ်ကိုင်ထားသည်ကို တွေ့လိုက်ရသည်။

ဤအချိန်တွင် လင်းတျန် က အသက်ရှင်နေသေးသော်လည်း

မသေမရှင်ကဲ့သို့ ဆိုးရွားသောအခြေအနေ ဖြစ်နေပါသည်။

အရင်ဦးဆုံး လင်းတျန် ၏ပါးစပ်က ပြင်းထန်စွာ ရွဲ့စောင်းနေပြီး မျက်နှာတစ်ပြင်လုံး ယောင်ယမ်းနေကာ ပါးစပ်ထဲမှ သွားများမရှိတော့ပေ။

ထို့အပြင် ၎င်း၏ခန္ဓာကိုယ်အရိုးများ ကျိုးကြေနေသည့်အတွက် ယန်ယဲ့ ၏လက်ထဲ၌ လေးကိုင်းသဏ္ဍာန် ကွေးကောက်နေပါသည်။

"ဘယ်လောက်ရဲတင်းလဲ! မင်း ငါ့ရဲ့ မြင့်မြတ်နယ်မြေ က တစ်စုံတစ်ယောက်ကို ဒီလိုနည်းနဲ့ ဆက်ဆံရဲတယ်။ မင်းနဲ့ မင်းမိသားစုရဲ့ မျိုးဆက် ၁၀ ဆက်အထိ အသတ်ခံရလိမ့်မယ်။" စုဝူ က ဒေါသတကြီး အော်လိုက်သည်။

"လူယုတ်မာ၊ သူ့ကို အမူအကျင့်လေးတွေ သင်ပေးလိုက်ပါ!" ယန်ယဲ့ သည် ဒေါသတကြီး အော်ဟစ်နေသည့် စုဝူ ကို တစ်ချက်မျှပင် မကြည့်ဘဲ လင်းတျန် ကိုလက်ကနေ

စောင်ဆွဲကာ မြို့ရိုးဆီသို့
လျှောက်သွားလိုက်သည်။
"ဟီးဟီး၊ မင်းရဲ့အမူအကျင့်ကို
ငါအရမ်းကြိုက်တယ်။ ဟားဟား!"
အလောင်းကောင်ဘိုးဘေးက ရယ်မောနေရင်း
သူ့လက်ထဲက သွေးဓားဖြင့် စုဝူ ကို
လျှပ်တစ်ပြက် ခုတ်ချလိုက်သည်။

စုဝူ ၏အမူအရာ က ချက်ချင်း ပြောင်းသွားပြီး
ပေါ့ပေါ့ဆဆ ပြုမူခြင်းမျိုး မရှိခဲ့ပေ။

သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကို
တဟုန်ထိုး ထုတ်ဖော်လိုက်ရာ
ရောမသင်္ကေတကြီးတစ်ခု ထွက်ပေါ်လာသည်။

အပြာရောင်ဝတ်အမျိုးသမီးကလည်း
သူမ၏ဓားကို ဆွဲထုတ်၍ ဝှေ့ယမ်းလိုက်ကာ
အပြာရောင်ဓားအလင်းတစ်ခုဖြာထွက်လာပြီး
အလောင်းကောင်ဘိုးဘေး ကို
လွှမ်းခြုံထားလိုက်သည်။

ယန်ယွဲ့ သည် အလောင်းကောင်ဘိုးဘေးကို
ဂရုမစိုက်ပေ။

၎င်း၏ ကြောက်မက်ဖွယ်ကောင်းသော
အကာအကွယ် စွမ်းရည်က သိုင်းကျောင်း
များ၏တိုက်ခိုက်မှုကိုပင်
ခံနိုင်ရည်ရှိနိုင်ပေသည်။

ယန်ယဲ့ က လင်းတျန် ကို မြို့ရိုးပေါ်သို့
ဆွဲခေါ်သွားပြီးနောက် ၎င်း၏မျက်နှာကို
ဓားပြားသက်သက်ဖြင့် ဖြတ်ရိုက်လိုက်သည်။

လင်းတျန် ၏မျက်နှာက ချက်ချင်းပင်
ဖောင်းကားလာပြီး ယန်ယဲ့ ကို
မကျေမနပ်အမူအရာဖြင့် စိုက်ကြည့်နေသည်။

ယန်ယွဲ့ က "မင်း သူတို့ကို သွားတောင်းပန်ပါ၊ ပြီးရင် မင်းရဲ့သေခြင်းကို ငါအမြန်လုပ်ပေးမယ်!"

"မင်းသေလိမ့်မယ်! မင်းသေမှာသေချာတယ်!!" လင်းတျန် က မကျေမနပ်နဲ့ ပြောလိုက်သည်။

ဖြောင်း!

ယန်ယွဲ့ က ၎င်း၏မျက်နှာကို နောက်တစ်ကြိမ် ဖြတ်ရိုက်လိုက်သဖြင့် မျက်နှာမှ သွေးများ စီးကျလာကာ နာကျင်နေသည့် အော်ဟစ်သံ ထွက်ပေါ်လာသည်။

ဤအခိုက်အတန့်တွင် လင်းတျန် ၏မျက်နှာက တဆတ်ဆတ်တုန်ယင်နေ၏။

ရှဲ.. ရှဲ!

ယန်ယဲ့ ၏လက်ဝါးထက်၌ ငရဲတစ္ဆေမီးတောက် ပေါ်လာပြီး "ငါက သိပ်ပြီး သည်းမခံတတ်ဘူးနော်။ ဒီတော့ မင်းဆက်ပြီးငြင်းနေသေးရင် နောက်ကျလို့သေချင်ရင်တောင် သေနိုင်မှာ မဟုတ်ဘူး။”

"မင်းဘာလုပ်နေလဲသိလား!?"
တစ်ချိန်တည်းတွင် စုဝူ က
အလောင်းကောင်ဘိုးဘေးကို တိုက်ခိုက်နေရင်း
ဒေါသတကြီး အော်ဟစ်လိုက်သည်။
"ငါတို့က မြင့်မြတ်နယ်မြေ ကလာတာလို့
သိနေတာတောင် မင်း ငါတို့ကို ဒီလိုပုံစံနဲ့
ဆက်ဆံရဲတယ်လား?" မင်းက သေချာပေါက်
အလောင်းချစရာနေရာမရှိဘဲ သေလိမ့်မယ်!”

“ငါတို့
မြင့်မြတ်နယ်မြေကနေလာတာ...."လင်းတျန်
က တစ်ခုခုပြောရန် ပြင်လိုက်သော်လည်း

သူရလိုက်သည်ကား ငရဲတစ္ဆေမီးတောက်
ကြိုးမျှင်တစ်ချောင်းပါပဲ။

မီးတောက်ကြိုးမျှင်က လင်းတျန် ၏နားထဲသို့
ဝင်ရောက်သွားကာ မျက်လုံးများ
ပေါက်ထွက်တော့မတတ်
အဆမတန်ပြူးကျယ်လာလေသည်။

လင်းတျန် က နာကျင်မှုကြောင့်
အော်ဟစ်လိုက်ချင်သော်လည်း သူ့ကိုယ်သူ
လုံးဝ စကားမပြောနိုင်တော့ကြောင်း
သတိထားမိသွား၏။

ဤအချိန်မှာပဲ ဓားဝိညာဉ်က ယန်ယွဲ့ဘေးနားတွင်ပေါ်လာ၏။ "နင် သူ့ကို မသတ်ဘဲ လွှတ်မပေးနိုင်ဘူးလား" ဓားဝိညာဉ်က တိုးညှင်းသော အသံဖြင့် ပြောသည်။

ယန်ယွဲ့ က အံ့သြသွားပြီး "ဘာလို့လဲ" ဟု မေးလိုက်လိုက်၏။

"သူတို့ကို နတ်ဆိုးအကျဉ်းထောင်( Daemon Catacombs) ကို စောင့်ကြပ်နေတဲ့သူတွေ ဒါမှမဟုတ် သူတို့ကိုယ်သူတို့ မြင့်မြတ်နယ်မြေ အဖွဲ့ဝင်တွေလို့ ခေါ်တယ်။  သူ့ကိုသတ်ရင် နင့်ဆီကို ဒုက္ခအကြီးကြီးရောက်လာလိမ့်မယ်!"

ဤစကားပြောပြီးသည်နှင့် မြင့်မြတ်နယ်မြေ
နှင့်ပတ်သက်၍ ထပ်မံရှင်းပြခဲ့သည်။

ဤအခိုက်တွင် စုပူ နှင့်
အပြာရောင်ဝတ်အမျိုးသမီး က
အလောင်းကောင်ဘိုးဘေး
ကိုမတိုက်ခိုက်ရဲတော့ဘဲ သတိအပြည့်ဖြင့်သာ
ကြည့်နေလေသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့
တိုက်ခိုက်မှုများက ဤအရိုးစုကြီးကို မည်သို့မှ
ဖိနှိပ်နိုင်စွမ်းမရှိကြောင်းသတိပြုမိလိုက်သော
ကြောင့်ပင်။

ခဏအကြာတွင် ယန်ယဲ့ က ခေါင်းညိတ်ပြီး "ဒါဆို ငါတို့ကမ္ဘာရဲ့အထက်မှာ မြင့်မြတ်နယ်မြေလို့ ခေါ်တဲ့ နေရာတစ်ခု ရှိတယ်လား?"

“သူတို့အားလုံးဟာ လွန်ခဲ့တဲ့နှစ်တွေတုန်းက တိုက်ကြီးကို ကာကွယ်ခဲ့တဲ့ သူရဲကောင်းတွေရဲ့ မျိုးဆက်တွေပဲ။ နင်သူတို့ကို သတ်လိုက်မယ်ဆိုရင် မရေမတွက်နိုင်တဲ့ ပညာရှင်တွေရဲ့နှလုံးသားထဲမှာ မကျေနပ်မှုတွေ ဖြစ်ပေါ်လာစေနိုင်တယ်။" ဓားအိမ်ဝိညာဉ်က ပြောလိုက်သည်။

"ဒါဆို သူတို့တွေကပဲ ငါ့ကိုသတ်နိုင်တာလား"

ယန်ယဲ့ က အေးတိအေးစက် ရယ်မောလိုက်၏။

ဓားအိမ်ဝိဉာဉ်က ယန်ယဲ့ ၏အမူအကျင့်ကို

သိထားသောကြောင့် မည်သည့်စကားမှ

ဆက်မပြောတော့ဘဲ ချက်ချင်း

တိတ်ဆိတ်သွားတော့သည်။

ဤအချိန်တွင် အပြာရောင်ဝတ် အမျိုးသမီးက

ရုတ်တရက် ပြောလာသည်။ "နင်တို့အားလုံးကို

ငါတို့ရဲ့မြင့်မြတ်နယ်မြေ ကို လာပြီး

နယ်ခြားကျင့်ကြံသူတွေကို ဖိနှိပ်တဲ့နေရာမှာ ပါဝင်ကူညီဖို့ ဒီကိုလာခဲ့တာပဲ!”

"ဟုတ်လား?" ယန်ယဲ့  အေးစက်စွာ ရယ်မောလိုက်ပြီး လင်းတျန် ၏ခေါင်းကို ဓားဖြင့် ရိုက်လိုက်ကာ "ဒါဆို သူဘာလုပ်နေတာလဲ"

အပြာရောင်ဝတ်အမျိုးသမီး သည်လည်း ငြိမ်ကျသွားပါတော့သည်။

စုဝူ က အေးစက်စက် ပြောလေသည်။ "မင်းဘယ်သူနဲ့ရင်ဆိုင်နေတယ်ဆိုတာ နားလည်လား"

ယန်ယဲ့ က ခေါင်းခါပြီး "မင်းတို့နဲ့ ကျိုးကြောင်းဆင်ခြင်ဖို့ ကြိုးစားပေမယ့် ငါ့ကို ခြိမ်းခြောက်ပြီး အင်အားသုံးဖိအားပေးဖို့ ကြံနေတာလား။ ကောင်းပြီ!" ယန်ယဲ့ က စကားပြောနေရင်း လက်ကိုတစ်ချက် ယမ်းလိုက်ရာ လင်းတျန် ၏ခေါင်းက ချက်ချင်း အပိုင်းပိုင်း ကွဲထွက်သွားလေသည်။

"ကဲ! အခု ငါတို့ ခွန်အားနဲ့ စကားပြောရအောင်။"

၆၄၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၂ – မြင့်မြတ်နယ်မြေ

ရဲ့အဖွဲ့ဝင်တွေလား? အားနည်းလိုက်တာ

"မင်း...ငါ့ရဲ့မြင့်မြတ်နယ်မြေက

အဖွဲ့ဝင်တစ်ယောက်ကို သတ်ဖို့

သတ္တိရှိလိုက်တာ!" စုဝူ ၏အမူအရာက

အနည်းငယ် ဆိုးရွားနေပါသည်။

သူ့မျက်လုံးထဲ၌ သတ်ဖြတ်ချင်စိတ်များနှင့်
တုန်လှုပ်ခြောက်ခြားမှုများလည်း ရှိနေ၏။

ဤယန်ယဲ့သည် မြင့်မြတ်နယ်မြေ
အကြောင်းကို မသိလျှင် ၎င်း၏စိတ်ထဲ၌
ကြောက်ရွံ့မှုမရှိသည်ကို နားလည်နိုင်ပေသည်။

သို့ရာတွင် ၎င်းသည် မြင့်မြတ်နယ်မြေ
နှင့်ပတ်သက်၍ သိနေသည့်တိုင်
မြင့်မြတ်နယ်မြေ ၏အဖွဲ့ဝင်ကို
သတ်ဖြတ်ပစ်လိုက်သည်။

ဤအရာကြောင့် စုပူ ၏စိတ်ထဲ၌ပင်
အတော်လေး အံ့သြသွားပါသည်။

အလောင်းကောင်ဘိုးဘေး သည်ပင်
အတော်လေး အံ့သြနေကာ ယန်ယဲ့ ကို ကြည့်၍
ပြောလိုက်လေသည်။ "ဟားဟား....။ ကလေး၊
မင်းတကယ်စိတ်ဝင်စားဖို့ကောင်းတယ်။
မင်းက နည်းနည်းလေးမှ မဆိုင်းမတွဘဲ
မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေကိုတောင်
သတ်ပစ်လိုက်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း
(၁၅,၀၀၀)တုန်းကတောင်
တိုက်ကြီးမှာပေါ်လာတဲ့

မြင့်မြတ်နယ်မြေအဖွဲ့သားတွေရဲ့အမိန့်ကို ဘယ်သူမှ မနာခံဘဲမနေရဲဘူးဆိုတာ မင်းသိလား။"

"ဒီနေ့ သူတို့ကို အသက်ရှင်ခွင့်ပေးလိုက်ရင် ငါတို့ကို ခွင့်လွှတ်မယ်လို့ မင်းထင်လား" ယန်ယွဲ့က အလောင်းကောင်ဘိုးဘေး ကို စိုက်ကြည့်ကာ မထူးခြားဟန်ဖြင့် ပြောလိုက်၏။

"သူတို့မလုပ်ဘူး!" အလောင်းကောင်ဘိုးဘေးက တည်ငြိမ်စွာပင် ပြောသည်။

"မင်းကိုလက်စားချေဖို့

ကျိန်းသေလာသတ်ကြမှာ။ ပြီးတော့ မင်းနဲ့

ပတ်သက်နေတဲ့လူတွေ၊ တောင်ပိုင်းနယ်မြေ

ရဲ့ကျင့်ကြံသူအားလုံးကိုတောင်

သတ်ပစ်နိုင်တယ်။ဘာကြောင့်လဲဆိုတော့

ရှေးခေတ်အဆက်ဆက်မှာဆိုရင် သူတို့ကို

စော်ကားမိတဲ့လူတိုင်း

တစ်ယောက်မကျန်အသတ်ခံရလို့ပဲ။"

ယန်ယွဲ့ က ပုခုံးတွန့်ပြီး "ဒါဆို ငါ မင်းမေးခွန်းကို

ဖြေစရာမလိုတော့ဘူးထင်တယ်။

သင့်မြတ်ဖို့ဆိုတာမဖြစ်နိုင်တဲ့အတွက် သူတို့ကို

ဘာကြောင့် အသက်ရှင်နေခိုင်းရမှာလဲ?
ဒီအခွင့်အရေးကို ဆုပ်ကိုင်ပြီး တတ်နိုင်သမျှ
သတ်လိုက်တာ ပိုကောင်းတယ် မဟုတ်လား!”

"ဟားဟား! အပြောကောင်းတယ်!”
အလောင်းကောင်ဘိုးဘေး က
ရယ်မောလိုက်သည်။ “ကလေး၊ မင်းကို
ဓားအင်ပါယာ လို့ မခေါ်သင့်ဘူး။ မင်းက
ဓားနတ်ဆိုးဖြစ်သင့်တယ်!"

"မင်းက မသေခင် ကြောက်စရာကောင်းတဲ့ သေခြင်းကိုရင်ဆိုင်ရမယ်။" ထိုအချိန်တွင် စုဝူက ရက်စက်စွာပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါပြီး "ငါသေရမယ်ဆိုတာ ငါမသိဘူး၊ ဒါပေမဲ့ မင်းသေမယ်ဆိုတာတော့ ငါသိတယ်။"

စကားပြောပြီးသည်နှင့် ယန်ယဲ့ က ချက်ချင်းဆိုသလိုပင် ပျောက်ကွယ်သွားကာ နောက်အခိုက်တွင် စုဝူ ရှေ့၌ ပေါ်လာခဲ့သည်။

ဤအရာကို မြင်သောအခါ စုဝူ ၏အမူအရာ က ပြင်းထန်စွာပြောင်းလဲသွားပြီး သူ့ခန္ဓာကိုယ်ထဲကနေ မရေမတွက်နိုင်သည့် သင်္ကေတများ ပေါက်ကွဲထွက်လာလေသည်။

သို့သော်လည်း ထိုသင်္ကေတများက သူ့ခန္ဓာကိုယ်ကနေ ထွက်လာပြီးနောက် ရုတ်တရက် ရပ်တန့်သွား၏။

"ဒါက ဓားနယ်မြေ ပဲ။ သူက ဓားနယ်မြေ ကို နားလည်သွားပြီ။ စုဝူ....သတိထား!"

အပြာရောင်ဝတ်အမျိုးသမီး က
အံ့သြတုန်လှုပ်စွာအော်ပြောလိုက်သည်။

ကံဆိုးစွာပင်၊ သူမ၏သတိပေးသံမဆုံးသေး။
အုပ်ချုပ်သူစားက စုဝူ ၏ခေါင်းကို
ပိုင်းချလိုက်ကာ ခေါင်းတစ်ခုလုံး
ကြွေမွသွားပါတော့သည်။

ဖောင်း!

စုဝူ ၏ဦးခေါင်းက ချက်ချင်းဆိုသလို
ကွဲထွက်သွားပြီး မရေမတွက်နိုင်သော

သွေးများနှင့် ဦးနှောက်များ ပတ်ဝန်းကျင်ဆီသို့ ဖျန်းခနဲ ဖြန်းခနဲ လွင့်စင်သွားသည်။

ယန်ယဲ့ က အုပ်ချုပ်သူဓားး ကို ဖယ်လိုက်ပြီး စုဝူ ၏အလောင်းကို စိုက်ကြည့်ကာ ခေါင်းခါလိုက်ပါသည်။ "ဒီလိုအားနည်းတဲ့ ပညာရှင်တွေက မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေလား?.

"မင်းက အရမ်းသန်မာတဲ့သူပဲ!" အလောင်းကောင်ဘိုးဘေး က ရုတ်တရက် ပြောလာသည်။ "ငါတို့ ခေတ်မှာတောင်

အဆင့်တူနယ်ပယ်မှာ မင်းကို ယှဉ်နိုင်မဲ့သူမျိုး ရှာဖို့ခက်ခဲလိမ့်မယ်!”

ယန်ယဲ့ က ပုခုံးတွန့်ပြလိုက်ပြီး အပြာရောင်ဝတ်အမျိုးသမီး ထံသို့ လျှပ်တစ်ပြက် ခုန်ဝင်သွားလေသည်။

အပြာရောင်ဝတ်အမျိုးသမီး က ထိတ်လန့်သွားပြီး သူမ၏ဓားကို ဆွဲထုတ်လိုက်သည်။

သို့သော် သူမက ဓားကို ဆွဲမထုတ်နိုင်တော့ကြောင်း သတိပြုမိကာ မျက်နှာကွက်ခနဲ ပျက်သွား၏။

ဤအခိုက်အတန့်မှာပင် အုပ်ချုပ်သူစား က သူမ၏ ခေါင်းပေါ်သို့ ပိုင်းချလာပြီး ဖရဲသီးကဲ့သို့ ကွဲထွက်သွားလေသည်။

"မင်းကမိန်းမတွေကို သနားလိမ့်မယ်လို့ ငါထင်ခဲ့တာ!" အလောင်းကောင်ဘိုးဘေး က ဆတ်ခနဲ ပြောလိုက်သည်။

"မိန်းမတွေကို သနားတာလား? ရန်သူကိုလား?" ယန်ယွဲ့ က ခေါင်းခါလိုက်သည်။ "ငါယန်ယွဲ့က ဘာလို့ မိုက်မဲရမှာလဲ။"

"တကယ်ပါပဲ!" အလောင်းကောင်ဘိုးဘေး က ခေါင်းညိတ်ပြီး သဘောတူလိုက်သည်။

"လွန်ခဲ့တဲ့နှစ်တွေတုန်းက ငါသာ အရူးသွပ်တစ်ယောက်မဟုတ်ခဲ့ဘူးဆိုရင် ဒီလိုအခြေအနေမျိုးထိ ကျဆင်းသွားမှာ မဟုတ်ဘူး။ ကလေး၊ မင်း သူတို့ကို အခုအချိန်မှာ ပျော့်ရှင်စွာ သတ်နိုင်ပေမဲ့ မြင့်မြတ်နယ်မြေ က နောက်ထပ်ပညာရှင်တွေ စေလွှတ်လိုက်မယ်ဆိုရင် မင်းဘာလုပ်ရမလဲ စဉ်းစားထားပြီလား"

ယန်ယဲ့ က

ပြတ်ပြတ်သားသားပြောလိုက်ပါသည်။

"သူတို့လာတဲ့အခါ ငါအခြေအနေကြည့်ပြီး

အကုန်သတ်သင့်ရင် သတ်ပစ်မယ်။"

အလောင်းကောင်ဘိုးဘေး က

ခေါင်းခါလိုက်သည်။ “မြင့်မြတ်နယ်မြေ

ရဲ့စွမ်းအားက မင်းထင်ထားတာထက်

အများကြီး ကျော်လွန်တယ်။

အခုတော့ ဒီအတိုင်းထားလိုက်ပါ။ မင်းက

တိုက်ကြီးတစ်ခုလုံးကို ပေါင်းစည်းပြီး

တိုက်ကြီး ရဲ့အင်အားကို ရထားရင်တော့

သူတို့ကို ရင်ဆိုင်နိုင်မယ်။

ဒါပေမဲ့ နတ်ဆိုးမျိုးနွယ်၊

နတ်ဘုရားသားရဲမျိုးနွယ်

ဒါမှမဟုတ် လော့ကျန်း က မင်းကို

ကူညီမယ်မထင်ဘူး။

ပြောရရင် လော့ကျန်း က

မင်းသေတာထက်ဘာကိုမှ

မလိုချင်တဲ့လူပဲ။"

"မြင့်မြတ်နယ်မြေ က အဲလောက်
ကြောက်စရာမဟုတ်ဘူး။ အနည်းဆုံးတော့
နင့်အတွက် ဂရုစိုက်စရာမဟုတ်ဘူး။"
ဤအချိန်တွင် ဓားအိမ်ဝိညာဉ်၏ အသံက
ရုတ်တရက် ထွက်ပေါ်လာသည်။ "သူတို့ရဲ့
သူတော်စင်တစ်ပိုင်းအဆင့် တွေက ၊ ပြောရရင်
ငါ့ရဲ့ဒုတိယသခင်နဲ့ အဲဒီကပညာရှင်တွေ
ပူးပေါင်းပြီး တိုက်ကြီးနဲ့ နတ်ဆိုးအကျဉ်းထောင်
ကြားမှာ စည်းတံဆိပ်တစ်ခုဖန်တီးထားလို့
တိုက်ကြီးထဲကို လွယ်လွယ်ကူကူ ဝင်လို့မရဘူး။
သူတော်စင်တစ်ပိုင်းအဆင့် နဲ့
အထက်ဆင့်ပညာရှင်တွေကို

နတ်ဆိုးအကျဉ်းထောင်ကနေ
တိုက်ကြီးထဲမဝင်ရဆိုတဲ့အမိန့်နဲ့
တားမြစ်ထားတယ်။"

"ဘာကြောင့်လဲ?" ယန်ယဲ့ က အံ့သြသွားပြီး
သိချင်စိတ်ဖြင့် မေးလိုက်သည်။

“ဘာလို့လဲဆိုတော့ တိုက်ကြီးထဲမှာ
ဟန်ချက်ပျက်သွားလို့ပဲ။ ပြီးတော့
တစ်ချိန်တည်း အဲဒီက
သူတော်စင်တစ်ပိုင်းအဆင့် တွေကို
သူတို့တာဝန်ယူထားတဲ့နေရာကနေ

ထွက်မပြေးနိုင်အောင်လို့ပဲ။ "
ဓားအိမ်ဝိညာဉ်က ရှင်းပြခဲ့သည်။

အဲဒါကြောင့်! ယန်ယဲ့ က ရုတ်တရက်
သတိရသွားပြီး မေးလိုက်လေသည်။
မင်းရဲ့အဓိကကိုယ်ထည်က မြင့်မြတ်နယ်မြေ
ထဲမှာပဲလား?"

“ဟုတ်တယ်!”

ယန်ယဲ့ က  "တစ်နည်းပြောရရင်၊ ငါတို့က မြင့်မြတ်နယ်မြေကို သွားရမယ်။ ပြီးတော့ မင်းရဲ့ပင်မခန္ဓာကိုယ်ကို အဲဒီ သူတော်စင်တစ်ပိုင်းအဆင့် တွေရဲ့ နှာခေါင်းအောက်ကနေ ခွာထုတ်ရမယ်ပေါ့။"

“ဟုတ်တယ်၊ ဒီလိုပဲလုပ်ရမှာ!”

ဓားအိမ်ဝိညာဉ် ပြောလိုက်သည့် စကားကြောင့် ယန်ယဲ့ ၏ ပါးစပ်ထောင့်များ တုန်လှုပ်သွားသည်။ "ငါက

သူတော်စင်တစ်ပိုင်းအဆင့် ကို
အနိုင်ယူနိုင်ပြီလို့ မင်းထင်နေလား"

“ငါတို့ ခိုးဝင်နိုင်တယ်…” ဟု ဓားအိမ်ဝိညာဉ်က
ဆိုသည်။

ယန်ယဲ့ ၏မျက်နှာက ချက်ချင်းပင်
မည်းမှောင်သွားသည်။

ဤအခိုက်တွင် သူမ၏ ပင်မခန္ဓာကိုယ်ကို
ပြန်လည်ရယူရန် ဓားအိမ်ဝိညာဉ်ကို

ကတိပေးခဲ့သည့်ကပင်အမှားတစ်ခုဟု
ရုတ်တရက် ခံစားလိုက်ရသည်။

မြင့်မြတ်နယ်မြေ ၏သူတော်စင်တစ်ပိုင်းအဆင့်
များက တိုက်ကြီး သို့ ဝင်ရောက်မလာနိုင်သဖြင့်
လုံးဝကြောက်နေစရာမလိုပေ။

အမှန်စင်စစ်၊ ယခုအချိန်တွင် သူက အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ် ဖြစ်နေပြီ
ဖြစ်သောကြောင့် သိုင်းကျေရာဇ် များကို
အနိုင်မယူနိုင်သည့်တိုင် ဓားနယ်မြေ နှင့် (Stellar

Shuttle ) ကို အသုံးပြုလျှင် သေချာပေါက် လွတ်မြောက်နိုင်ပေသည်။

သို့သော်၊ လက်ရှိ သူပိုင်ဆိုင်သော ခွန်အားဖြင့် မြင့်မြတ်နယ်မြေ သို့ ဝင်ရောက်ပါက သူတော်စင်တစ်ပိုင်းအဆင့် များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုအခါ ထွက်ပြေးရန်ပင် အခွင့်အရေးမရှိဘဲ ချက်ချင်း အသတ်ခံရပေမည်။

၆၄၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၃ – ဒီကောင် သေချာပေါက်

ခေါင်းကိုက်တော့မယ်

“တံ ဆိပ် ပြေလျော့ လာတာကို

မြင့်မြတ်နယ်မြေ

ရဲ့ထိပ်ပိုင်းခေါင်းဆောင်တွေက သိထားလို့

တိုက်ကြီးတစ်ခုလုံးမှာရှိတဲ့

ကျင့်ကြံသူတွေအားလုံးကို

စုစည်းဖို့ရည်ရွယ်ထားတယ်။

ဒါပေမဲ့ သူတို့ရဲ့ ကြိုးစားအားထုတ်မှုတွေက အရာမထင်ဘဲ အလဟဿ ဖြစ်နေတာကို မသိကြဘူး။

ပြီးတော့ နတ်ဆိုးအကျဉ်းထောင်မှာ ချုပ်နှောင်ထားတဲ့ နယ်ခြားနတ်ဆိုးတချို့ နိုးထလာပြီဆိုတာ ငါ ခံစားနိုင်တယ်။

ဒါ့အပြင် ငါ့အဓိကခန္ဓာကိုယ်ထည်က သူတို့ နိုးထလာဖို့တောင် စောင့်မျှော်နေရုံပါပဲ။ ဒီလိုမှမဟုတ်ရင်၊ သူတို့က အခုအချိန်မှာ တံဆိပ်ကို အတင်းအကြပ် ဖိနှိပ်တော့မှာ။ နောက်ကျရင် ငါ့ပင်မခန္ဓာကိုယ်ရဲ့အသိစိတ်က ပျောက်ကွယ်သွားမှာသေချာတယ်။

အဲဒီအချိန်မှာ ငါဆိုတာမရှိတော့ဘူး!"
ဓားအိမ်ဝိညာဉ် ကပြောသည် ။

“ဒါဆို မင်းပြောချင်တာ မြင့်မြတ်နယ်မြေ
ရဲ့လုပ်ရပ်တွေအားလုံးက
ဘာမှအဓိပ္ပါယ်မရှိဘူးလို့ ဆိုလိုတာလား?"
ယန်ယဲ့လည်း မျက်မှောင်ကြုတ်လိုက်သည်။

သူမက “လုံး၀တော့မဟုတ်ပါဘူး။ တကယ်လို့
လော့ကျန်း က တိုက်ကြီးကို
ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင်တော့

တိုက်ကြီးတစ်ခုလုံး ရဲ့ ယုံကြည်ခြင်းစွမ်းအင်ကို လူသားကောရာဇ်ဓား ၊ လူသားကောရာဇ်တံဆိပ်တော် နဲ့ ပေါင်းစပ်ပြီး စည်းတံဆိပ်ကို ပိတ်ဆို့နိုင်သေးတယ်။

ဒါပေမဲ့ သူက တိုက်ကြီး ကို ပေါင်းစည်းဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ပထမအချက် နင့်ရဲ့တည်ရှိမှုနဲ့ သူက နင့်ရန်သူဖြစ်နေလို့ပဲ။ ဒုတိယအနေနဲ့၊ နင် သူ့ကိုမတားဘူးဆိုရင်တောင် နင်နဲ့ အန်နန်ကျင်း တို့ နှစ်ယောက်စလုံးက သူ့ကိုမကူညီမချင်း တိုက်ကြီးတစ်ခုလုံးကို အချိန်တိုအတွင်းမှာ ပေါင်းစည်းဖို့ မဖြစ်နိုင်ဘူး။”

ယန်ယဲ့ က အေးစက်စွာ ရယ်မောလိုက်သည်။
"ဒါ ဖြစ်နိုင်တယ်လို့ မင်းထင်လား"

ဓားအိမ်ဝိဉာဉ်က သက်ပြင်းချရင်း
“လော့ကျန်း ရဲ့အကြီးမားဆုံးအမှားက
ပန်းနန်းတော်ကြောင့်
နင်နဲ့ရန်သူဖြစ်သွားတာပါပဲ။
တကယ်လို့ သူသာ နင်နဲ့ ရန်သူမဟုတ်ဘူးဆိုရင်
အန်နန်ကျင်း နဲ့ နင့်ကူအညီ နဲ့

တိုက်ကြီးတစ်ခုလုံးကိုပေါင်းစည်းဖို့ ခဏပဲကြာမှာ သေချာတယ်။

အခု သူက တိုက်ကြီး ကို မပေါင်းစည်းနိုင်ခဲ့ရင် နယ်ခြားမိစ္ဆာတွေ တံဆိပ်ကို ချိုးဖျက်ပြီးတာနဲ့ ဒီကကျင့်ကြံသူအားလုံး ပေါင်းတိုက်ရင်တောင် အနိုင်ရဖို့နေနေသာ၊ ခုခံဖို့တောင် အခွင့်အရေးမရှိနိုင်ဘူး။

ဟူး... ကံဆိုးတာပဲ။ နင်က လော့ကျန်း နဲ့ရန်သူဖြစ်နေတယ်။"

ယန်ယဲ့ က ခေါင်းခါလိုက်သည်။ "ငါက ကယ်တင်ရှင်မဟုတ်သလို တစ်ယောက်ဖြစ်ဖို့အတွက်လည်း တစ်ခါမှ မတွေးဖူးပါဘူး။ ငါ့အမြင်အရတော့ အဲဒီလူက သူရဲကောင်းဖြစ်စေ ကယ်တင်ရှင်ဖြစ်စေ မခွဲခြားဘဲ သတ်ပစ်ဖို့ ကြံစည်နေတဲ့သူတိုင်းကို သတ်ပစ်လိုက်မယ်။ စိတ်မပူပါနဲ့၊ ငါတတ်နိုင်ရင် မင်းရဲ့ပင်မခန္ဓာကိုယ်ကို  အဲဒါက မသေချာကယ်တင်မယ်။အဲဒါက မင်းကိုကူညီရုံတင်မကဘူး၊ ငါ့ကိုလည်း ကူညီပေးလိမ့်မယ်။

မင်းရဲ့ပင်မကိုယ်ထည်နဲ့ ရှေးဟောင်းဓားအိမ် ကို ပြန်ပြီးပေါင်းစည်းနိုင်တာနဲ့ ကောင်းကင်ဖျက်ဆီးခြင်းဓား ကသေချာပေါက် ကြောက်စရာစွမ်းအားတွေဖြစ်လာလိမ့်မယ်လို့ ငါထင်တယ်... မဟုတ်လား။”

"နင်စိတ်ပျက်မှာမဟုတ်ဘူး!" ဓားအိမ်ဝိညာဉ် က တိုးညှင်းစွာ ပြန် ပြောသည် ။

ယန်ယဲ့ က ပြုံးသည်။ ရုတ်တရက် သူ့မျက်လုံးကို မှိတ်ထားရာက ဖွင့်၍

အလောင်းကောင်ဘိုးဘေးကို စိုက်ကြည့်လိုက်၏။ "လူယုတ်မာ! မင်းက သတ်တာကို မကြိုက်ဘူးလား? မင်းငါနဲ့အတူ စိတ်ကျေနပ်အောင် သတ်ပစ်ဖို့ စိတ်ဝင်စားလား"

"မင်းက လော့ကျန်း နဲ့ ပြဿနာရှာဖို့ ကြံနေတာလား။" အလောင်းကောင်ဘိုးဘေး က မေးလေသည်။

ယန်ယဲ့ က ပြုံးလိုက်၏။ "မင်းကော ဒါကိုမလုပ်ချင်ဘူးလား"

"ဟားဟား! ငါတို့ နှလုံးသားရဲ့ ကျေနပ်မှုရတဲ့အထိ သတ်ပစ်ကြရအောင်။ သွေးစုပ်ချင်နေတာကြာပြီ။ ဟားဟား!" အလောင်းကောင်ဘိုးဘေးက ပြောနေရင်းဖြင့် အဝေးဆီသို့ လျင်မြန်စွာ ရောက်ရှိသွားလေတော့သည်။

ယန်ယဲ့သည်လည်း တုံ့ဆိုင်းမနေတော့ပေ၊ အသက်ပြင်းပြင်းရှူရင်း ညာခြေကိုတစ်ချက်စောင့်နင်းကာ အနက်ရောင်အလင်းတန်းတစ်ခုအဖြစ် အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။

"မျှော်လင့်ထားတဲ့အတိုင်း၊ ယောက်ျားတွေက တကယ်ကို လျစ်လျူရှုတဲ့ အပေါင်းအသင်းတွေပဲ!" ယန်ယဲ့ နှုတ်မဆက်ဘဲ ထွက်သွားသည်ကိုမြင်သောအခါ ချင်ရှီယူ က မကျေမနပ်ဖြစ်သွားပြီး အော်ဟစ်လိုက်သည်။

နောက်ဆုံးတွင် ဤခြင်ပွန်းဖြစ်သူက သူမနှင့်မတွေ့ဆုံသည်မှာ အချိန်ကြာနေပြီဖြစ်သည့်တိုင် နှုတ်ဆက်စကားလေးတစ်ခွန်းပင်ပြောမသွားဘူးမဟုတ်ပါလား။

ဤအချိန်တွင် ရှောင်ယုရှီက ချင်ရှီယူ ကို တစ်ချက်ကြည့်လိုက်သည်။

ရှောင်ယုရှီ က စကားမပြောသော်လည်း သူမ၏ ခန္ဓာကိုယ်ထဲကနေ စူးရှသည့် ဆေဘာကြိုးတစ်ချောင်း ထွက်ပေါ်လာသည်။

ချင်ရှီယူ ကလည်း အားနည်းသည့်
အခြေအနေကို ပြသရန် စိတ်ကူးမရှိပုံရ၏။
သူမ၏လက်ထဲတွင်ကိုင်ထားသည့်
အနက်ရောင်ကြာပွတ်ကနေ သိပ်သည်းသည့်
အငွေ့အသက်များ
ပေါက်ကွဲထွက်လာလေသည်။

နှစ်ယောက်စလုံးက မြို့ရိုးပေါ်မှာပင်
တိုက်ခိုက်လိုသော အငွေ့အသက်များကို

ပြင်းထန်စွာ ထုတ်ဖော်၍ တိုက်ခိုက်ရန် ပြင်နေကြ၏။

ဤအခိုက်တွင် တင်းရှောက်ယောင် က ရုတ်တရက် ပြောလိုက်လေသည်။ "ယန်ယဲ့ အတွက် နင်တို့နှစ်ယောက်လုံး ဒီလိုဖြစ်နေတာကို မြင်ချင်မယ်လို့ ထင်နေတာလား။

ပြီးတော့ တစ်ခုရှိသေးတယ်။ မြင့်မြတ်သောဟန်အင်ပါယာ ကို ခဏထားလိုက်ဦး။ အဲ့ဒီလူသုံးယောက်

နောက်ကွယ်မှာ ရှိနေတဲ့ အင်အားစုတွေရဲ့
လက်စားချေတာကိုပါ ရင်ဆိုင်ရတော့မှာ။
ငါတို့က သူ့ကို အများကြီး မကူညီနိုင်ဘူး၊
ဒါကြောင့် နင်တို့နှစ်ယောက်ကြားက
ဆက်ဆံရေးကို သူ့စိတ်ထဲမှာ စိတ်ပူစရာ
မလိုအောင် ထားနိုင်မယ်လို့
ငါမျှော်လင့်ပါတယ်။”

ရှောင်ယုရှီ က သူမ၏ အကြည့်ကို ပြန်ရုတ်ကာ
အဝေးဆီသို့ လှမ်းမျှော်ကြည့်နေလိုက်သည်။

ချင်ရှီယူ လည်း အေးစက်စက် ရေရွတ်ပြီး
သူမ၏ လက်ထဲက အနက်ရောင်ကြောပွတ်ကို
ပြန်သိမ်းလိုက်သည်။

ဤမြင်ကွင်းကို မြင်သောအခါ
တင်းရှောက်ယောင် က တိတ်တဆိတ် ခေါင်းကို
ယမ်းလိုက်ပါသည်။ "ဒီယန်ယဲ့ က အနာဂတ်မှာ
သေချာပေါက် ခေါင်းကိုက်နေလိမ့်မယ်။"
...

လော့ကျန်း ဦးဆောင်သော မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်တပ်က ရှေးဟောင်းဒိုမိန်းမြို့နှင့်  ကီလိုမီတာ (၅၀) ကျော်အကွာတွင် စခန်းချထားသည်။

"ယန်ယဲ့ က မြင့်မြတ်နယ်မြေ ရဲ့ သံတမန်တွေကို သတ်ဖြတ်ခဲ့တာ သေချာလား?" လော့ကျန်း က သူ့ရှေ့တွင် ရပ်နေသည့် သံချပ်ကာဝတ်လူကို စိုက်ကြည့်နေသည်။

သံချပ်ကာဝတ်လူက ခေါင်းညိတ်ပြလိုက်၏။
“ဒီငယ်သားက အဲဒီသတင်းကို အတိအကျစုံစမ်းခဲ့လာခဲ့တာပါ ။ သံတမန် သုံးဦးလုံး သူ့ရဲ့တိုက်ခိုက်မှု နှစ်ခုကိုတောင် မခုခံနိုင်ခဲ့ကြဘူး။ ခန့်မှန်းချက်အရဆိုရင် ယန်ယွဲ့က အခုအချိန်မှာ အဆင့် ၅ ချိုးမြှောက်ခြင်းနယ်ပယ် မှာရှိနေနိုင်တယ်။"

ဤသည်ကိုကြားသောအခါ လော့ကျန်း ၏နောက်တွင် ရပ်နေသည့် စစ်ဖက်ဆိုင်ရာ အရာရှိများအားလုံး ရင်မောသွားကြသည်။

"ဒီကောင် ဘယ်လောက်တောင် သတ္တိရှိတာလဲ။ သူက ဘာကိုမှဂရုမစိုက်ဘဲ လုပ်ဝံ့တာလား။ သူက တကယ့်ကို အရူးတစ်ယောက်ပဲ "ဟားဟား!!" လော့ကျန်း က ရုတ်တရက် တဟားဟား အော်ရယ်လိုက်လေသည်။

"ဒီယန်ယွဲ့ က ကိုယ်သေမဲ့ အုတ်ဂူကို တူးနေတာပဲ။ သူက တကယ်ပဲ မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေကို သတ်ရဲတယ်။

သေချာပေါက် သူက အသက်မရှင်နိုင်ဘူး။ အခုတော့ ငါတို့က ဘာမှလုပ်စရာ မလိုတော့ဘဲ

မြင့်မြတ်နယ်မြေ က ငါ့အတွက် သူနဲ့
ရင်ဆိုင်လိမ့်မယ်။"

လော့ကျန်း ၏စကားကို ကြားလိုက်သောအခါ
အခြားသူများ အားလုံးလည်း ယင်းကို
ချက်ခြင်းသဘောပေါက်သွားကြသည်။

ယန်ယဲ့ သည် အမှန်တကယ်ပင်
မြင့်မြတ်နယ်မြေ ၏အဖွဲ့ဝင်များကို
သတ်ဖြတ်ခဲ့သောကြောင့် ထိုလူများက
မည်သည့်အရာမှ မလုပ်ဘဲ
ငြိမ်နေပါမည်လော?

အသေအချာပင်၊ ယန်ယဲ့ မသေမချင်း
မြင့်မြတ်နယ်မြေ
၏အဆုံးမဲ့လက်စားချေခြင်းကို
ရင်ဆိုင်ပေမည်။

အုန်း!

ဤအချိန်တွင် ရောမပေါက်ကွဲသံကြီး
ရုတ်တရက် ထွက်ပေါ်လာသည်။

“လူသားကောင်ရာဇ်! အခြေအနေ မကောင်းတော့ဘူး။ ယန်ယွဲ့နဲ့ အဲဒီအရိုးစုက စစ်တပ်ထဲကို ဝင်သွားပြီး ငါတို့တပ်သားတွေကို သတ်နေတယ်။"

၆၄၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၆၄၄ – ခရမ်းရောင်မင့်ခ်ကလေး ၏စွမ်းအား

ယန်ယဲ့ သည် လော့ကျန်း ၏စစ်တပ်အား ထိပ်တိုက် ရင်ဆိုင်ရလောက်အောင်ထိ လူမိုက်တစ်ယောက်မဟုတ်ချေ။

ဤအချိန်တွင် နှစ်ယောက်လုံး စစ်တပ်အလယ်သို့ ဝင်ရောက်လာပြီးနောက် မြင်တွေ့လိုက်သည့် စစ်သည်အားလုံးကို ချက်ချင်း သတ်ဖြတ်လိုက်ကြသည်။

သာမန်အဆင့်နိမ့်စစ်သည်များက ၎င်းတို့နှစ်ဦး၏တိုက်ခိုက်မှုတစ်ခုကိုပင် ခုခံနိုင်စွမ်းမရှိခဲ့ပေ။

တစ်ချိန်တည်းတွင် ယန်ယဲ့က အဆင့် ၁၀ ဓားစိတ်ဆန္ဒ နှင့် ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကို ပေါင်းစပ်တိုက်ခိုက်လိုက်သည့်အခါ မြေပေါ်၌ အလောင်းများ အထပ်ထပ်ပုံသွားတော့သည်။

သတ်ဖြတ်ခြင်း၊ ဤမြင်ကွင်းကား အမှန်ပင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းဖြစ်သည်။

အစပိုင်းတွင် စစ်တပ်ထဲ၌
အဆင့်မြင့်ပညာရှင်အချို့ရှိနေသော်လည်း
အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့ထဲမှ
တစ်ဦးတစ်ယောက်မျှပင် ခုခံနိုင်စွမ်းမရှိသဖြင့်
သောင်းချီနေသော
စစ်သည်များအားလုံးသပတ်ဝန်းကျင်ဆီသို့
ကစင့်ကလျားရှုးထွက်ပြေးခဲ့ကြသည်။

ထို့နောက်တွင် သောင်းချီသော
စစ်တပ်ကြီးတစ်ခုလုံး ကမောက်ကမ
ဖြစ်သွားသည်။

"ဟားဟား!! ဘယ်လောက်
ကျေနပ်စရာကောင်းလဲ။ ဒီမှာ သွေးတွေ
အများကြီး။ ဟားဟား!"
အလောင်းကောင်ဘိုးဘေးက သွေးဓားကြီး
ကိုအဆက်မပြတ်ဝှေ့ယမ်းနေပြီး
၎င်းတစ်ချက်ဝှေ့ယမ်းလိုက်တိုင်း
ဒါဇင်ချီသောစစ်သည်များအသတ်ခံလိုက်ရ၏။
အစောပိုင်းက လိုပါပဲ။ လော့ကျန်း က သူ့ကို
ဒုက္ခဖြစ်စေရန် လုပ်ဆောင်ခဲ့သဖြင့်
သူသည်လည်း လော့ကျန်း ကို အကောင်းတိုင်း
ထွက်ခွာသွားရန် မလိုလားပေ။

“ထွက်ပြေးတဲ့သူတိုင်း မျိုးဆက် (၉)ဆက် တိုင် အသတ်ခံရမယ်။ " ဤအခိုက်တွင် လော့ကျန်း၏အသံက စစ်တပ်ထဲ၌ ပဲ့တင်ထပ်နေသည်။

ဤအသံကြောင့် ထွက်ပြေးနေသည့် စစ်သည်များအားလုံး ရုတ်တရက် ရပ်တန့်သွားပြီးနောက် ဦးတည်ချက်တစ်ခုတည်းဆီသို့ တညီတညွတ်တည်း ဒူးထောက်လိုက်ကြသည်။

တစ်ချိန်တည်းတွင် မလှမ်းမကမ်းကနေ
လော့ကျန်း နှင့်အတူ အဆင့် ၉ ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင် (၁၀၀) ကျော်
ထွက်ပေါ်လာလေသည်။

ထို့နောက်တွင် အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ် နှင့်အထက်ဆင့်
ပညာရှင် အားလုံး ကောင်းကင်ထက်သို့
တဟုန်ထိုး ပျံသန်းလာပြီး ယန်ယဲ့နှင့်
အလောင်းကောင်ဘိုးဘေး တို့ကို
လေဟာနယ်အတားအဆီးများဖြင့်
ပိတ်ဆို့ထားလိုက်ကြသည်။

မကြာမီအချိန်အတွင်းမှာပင်
ထောင်သောင်းချီသည့်
လေဟာနယ်အတားအဆီးများ က ယန်ယဲ့ နှင့်
အလောင်းကောင်ဘိုးဘေး တို့အား
ဝိုင်းရံထားကြလေတော့သည်။။

“ကလေး၊ အခြေအနေက သိပ်မကောင်းဘူး။
ငါတို့ အခု ပြန်ဆုတ်ကြမလား”
အလောင်းကောင်ဘိုးဘေး က ပတ်ဝန်းကျင် မှ

အခြေအနေကို တစ်ချက်ကြည့်ရင်း
ပြောလေသည်။

သူ၏ခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့်
နှင့် ယှဉ်နိုင်သည့်တိုင် ဤကဲ့သို့
ထောင်သောင်းချီနေသည့် တိုက်ခိုက်မှုများကို
ရင်ဆိုင်ရလျှင် သေချာပေါက်
သေဆုံးနိုင်ပေသည်။

ယန်ယဲ့ က ခေါင်းယမ်းကာ ပတ်ဝန်းကျင် ကို
စူးစိုက်ကြည့်လိုက်ပြီး "လူယုတ်မာ၊ မင်း

အဲဒီနေ့က အသုံးပြုခဲ့တဲ့နည်းစနစ်၊ အဲဒီ
တာအိုလက်ဝါးကို ထုတ်သုံးလိုက်။ သူတို့ကို
စိတ်ရှိသလောက်သတ်ကြမယ်။
အခုလောလောဆယ်တော့ ငါ မင်းကို
ကာကွယ်ပေးထားမယ်။"

"ကလေး၊ ငါ့ခန္ဓာကိုယ်က သိုင်းကျောင်းအဆင့်
အောက်မှာ ပြိုင်ဖက်ကင်းဖြစ်သလို သူတို့ရဲ့
အရေအတွက် ဘယ်လောက်ပဲများများ
ငါ့ကိုယ်ငါ လွတ်မြောက်နိုင်တယ်လို့
ယုံကြည်တယ်။

ဒါပေမဲ့ မင်းနဲ့တော့ မတူဘူး။ မင်းရဲ့ရုပ်ခန္ဓာက မဆိုးပေမယ့် သိုင်းကျောင်းဇာတ်ကြောင်း ပြီးဖြစ်ရော ဘာလုပ်ဖို့မရသေးဘူး။ ဒီတော့ သူတို့လက်ကနေ အသက်ရှင်လျက် ထွက်ပြေးနိုင်မယ်လို့ ငါမယုံရဲဘူး။"အလောင်းကောင်ဘိုးဘေး က ယန်ယဲ့ကို ကြည့်ကာ ပြန်ပြောလိုက်၏။

ယန်ယဲ့ က မထူးခြားဟန်ဖြင့် ပြောလိုက်ပါသည်။ "ဒါက စိတ်ပူနေနဲ့။ ငါ အဆင်ပြေတယ်။ မင်းသာ

ငါပြောတဲ့အတိုင်းလုပ်ပါ။ အဲဒီ တာအိုလက်ဝါး ကို ထပ်ပြီး သုံးလိုက်။"

"ငါ့မှာ လုံလောက်တဲ့ သွေးနဲ့ နတ်ဆိုးစွမ်းအင်တွေ မရှိဘူး၊ ဒါကြောင့် မပြည့်စုံတဲ့ တာအိုလက်ဝါး ကိုပဲ ဖန်တီးနိုင်မှာ။"

အလောင်းကောင်ဘိုးဘေး က စကားဆုံးသည်နှင့် ကောင်းကင်ပေါ်သို့

ပုံနက်လာပြီး အရိုးစုလက်ကြီးကို ဖြည်းညှင်းစွာ မြှောက်လိုက်သည်။ တစ်ချိန်တည်းမှာပဲ အရိုးစုလက်ဝါးကနေ ကြောက်စရာကောင်းသည့် အငွေ့အသက်များ ထွက်လာပါသည်။

ဤအချိန်တွင် စစ်တပ် ၏ရှေ့ဆုံး၌ ရှိနေသော ကျိုးကျန်းဖေး က ဤမြင်ကွင်းကို မြင်သောအခါထိတ်လန့်တကြား အော်ပြောလိုက်သည်။ "မြန်မြန်! သူ့ကို မြန်မြန်တားလိုက်!" ဤနည်းစနစ်က မည်မျှကြောက်စရာကောင်းသည်ကို

ၛင်းကိုယ်တိုင်
မြင်တွေ့ခဲ့ရသည်မဟုတ်သလော။

အလောင်းကောင်ဘိုးဘေး ကိုသာ
ဤနည်းစနစ်ကို အသုံးပြုခွင့်ပေးလိုက်လျှင်
စစ်သည် မည်မျှသေမည်ကို
မှန်းဆကြည့်နိုင်လေသည်။

ကျိုးကျန်းဖေး ၏စကားပင်မဆုံးသေး၊ အဆင့်
၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ

အလောင်းကောင်ဘိုးဘေး ထံသို့
လျှပ်တစ်ပြက် ခုန်ဝင်သွားကြသည်။

သို့သော်လည်း ရုတ်တရက် မမြင်နိုင်သော
စွမ်းအားတစ်ခုက ၎င်းတို့အား
ဖုံးအုပ်လာသဖြင့် အလောင်းကောင်ဘိုးဘေး
ထံသို့ မရောက်ခင် ရပ်တန့်သွားကြသည်။

ထို့နောက်တွင် မရေမတွက်နိုင်သည့်
အလင်းတန်းများ ကျဆင်းလာပြီး လေထဲ၌
ရပ်တန့်နေသည့် အဆင့် ၉

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
ပိုင်းဖြတ်သွားလေသည်။

ရှေ့ဆုံးကနေ ဦးဆောင်ပြေးဝင်လာသည့်
အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
တစ်ခါဇင်ကျော် ချက်ချင်းပင် သေဆုံးသွား၏။

"လေဟာနယ်ချုပ်နှောင်ခြင်း"
ဤအခိုက်အတန့်တွင်လော့ကျန်း ၏နောက်မှ
အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၁၀၀)ကျော်က လေထဲသို့ပျံတက်သွားပြီး

ယန်ယဲ့ နှင့် အလောင်းကောင်ဘိုးဘေး တို့အား
ပိတ်လှောင်လိုက်ကြသည်။

အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၁၀၀)ကျော် ပူးပေါင်းဖန်တီးထားသည့်
လေဟာနယ်အတားအဆီးက
အလွန်ပင်ကြောက်စရာကောင်းလှသည်။

ယန်ယဲ့ နှင့်အလောင်းကောင်ဘိုးဘေး
ကိုအသာထား၊ သိုင်းကေရာဇ်
တစ်ယောက်ပင်လျှင်

လေဟာနယ်အတားအဆီး (၁၀၀)ကျော်ကို
ချိုးဖျက်ရန် ခွန်အားအပြည့်
ထုတ်သုံးရပေမည်။

ယန်ယဲ့ ၏အမူအရာလည်း အနည်းငယ်
ပြောင်းလဲသွားပါတော့သည်။

ထိုအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေးက
ယန်ယဲ့ ရှေ့၌ ပေါ်လာပြီး
သူမ၏လက်သည်းသေးသေးလေးကို
ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။

ရုတ်တရက်ဆိုသလိုပင် ထူးဆန်းသော
မြင်ကွင်းတစ်ခု ပေါ်လာ၏။

ယန်ယဲ့ ၏ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင် က ရုတ်တရက်
ထူးဆန်းလာပြီး ပတ်ဝန်းကျင်ဆီသို့
ဖြည်းညှင်းစွာ လှိုင်းတွန့်များထလာသည်။

ထို့နောက်တွင်တော့ အဆင့် ၉
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၁၀၀) ကျော်
ပူးပေါင်းဖန်တီးထားသည့်

လေဟာနယ်အတားအဆီးများက ချက်ချင်းပင် ပြိုကျသွားလေသည်။

ဤမြင်ကွင်းကြောင့် လူတိုင်း အံ့သြတုန်လှုပ်သွားကြသည်။

ယန်ယဲ့ သည်လည်း ဤမြင်ကွင်းကြောင့် ထိတ်လန့်သွား၏။

"အငယ်လေးက ဘယ်လိုအမွေအနှစ်ကို ရခဲ့တာလဲ?

သူမက...ဘယ်လို....ဘယ်လိုဖြစ်ပြီး....

ဒီလောက်ထိ

ကြောက်စရာကောင်းလာတာလား?"

၆၄၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၅ –

အဆင့်မြင့်လေဟာနယ်ဖန်တီးခြင်း

“အဆင့်မြင့်လေဟာနယ်ဖန်တီးခြင်း! ဒါက အဆင့်မြင့်လေဟာနယ်အတားအဆီးပဲ။"
ဤအချိန်တွင် အကြံပေးကျူး က ရုတ်တရက် မထင်မှတ်ဘဲ အော်ဟစ်လိုက်ပြီး ဘီလူးတစ်ကောင်ကို ကြည့်နေသလိုမျိုး ခရမ်းရောင်မင့်ခ်ကလေး ကို စူးစိုက်ကြည့်နေသည်။

"အဆင့်မြင့်လေဟာနယ်ဖန်တီးခြင်း" ၎င်းသည် ဒဏ္ဍာရီထဲတွင်သာ ရှိခဲ့သည့် စွမ်းရည်(နည်းစနစ်)ဖြစ်သည်။

မှန်ပေသည်၊ ၎င်းသည် ရိုးရှင်းသော
အချုပ်အနှောင်မဟုတ်ဘဲ
ပြီးပြည့်စုံသည့်ချုပ်နှောင်ခြင်းနည်းစနစ်တစ်ခု
ပါ။

အဆင့်မြင့်လေဟာနယ်ဖန်တီးခြင်း ကို
နားလည်ထားလျှင် အာကာသဟင်းလင်းပြင်
ထဲရှိ နေရာကို ချက်ချင်း ဖျက်ဆီးပစ်နိုင်သည်။
သို့တည်းမဟုတ် အပျက်အစီးများကို ချက်ချင်း
ပြန်လည် ပြုပြင်နိုင်ပေသည်။
တစ်နည်းဆိုရလျှင် ၎င်းသည်
ပြန်လည်မွေးဖွားခြင်းစွမ်းအား နှင့်ဆင်တူ၏။

အကြံပေးကျူး က ခရမ်းရောင်မင့်ခ်ကလေး
ကို အံ့အားသင့်တုန်လှုပ်စွာ စိုက်ကြည့်နေသည်။

ယန်ယဲ့ ၏ကိုယ်ပိုင်သားရဲက ဒဏ္ဍာရီလာ
"အဆင့်မြင့်လေဟာနယ်ဖန်တီးခြင်း"ကို
နားလည်ထားလိမ့်မည်ဟု မထင်ထားခဲ့ပေ။

အဆင့် ၉ ချိုးဖြောက်ခြင်းနယ်ပယ်ပညာရှင်
(၁၀၀) ကျော် ကိုအသာထား၊ သိုင်းကောရာဇ်
များ ဖန်တီးထားသည့်

လေဟာနယ်အတားအဆီးပင်လျှင်
ဂုင်းနှင့်ရင်ဆိုင်တွေ့ပါက အမှိုက်တစ်စ
သာဖြစ်သွားပေမည်။

"သတိထား! လူသားကရော်ဇ်ကိုကာကွယ်ကြ။”
ထိုအချိန်တွင် ကျိုးကျန်းဖေး က ရှေ့ကို
လျှပ်တစ်ပြက် ခုန်ထွက်လာပြီး လော့ကျန်း
ရှေ့တွင် ကာရပ်လိုက်သည်။

ကျန်လူများလည်း အဝေးဆီသို့
လှမ်းမျှော်ကြည့်လိုက်သည့်အခါ

ကောင်းကင်တစ်ဝက်အား ဖုံးအုပ်နေသည့်
ရောမသွေးလက်ဝါးကြီးတစ်ဖက် လေထဲ၌
ပေါ်လာပြီး
ရက်စက်ကြမ်းကြုတ်စွာရိုက်ချလာသည်ကို
မြင်တွေ့လိုက်ရလေသည်။

ဤမြင်ကွင်းကိုမြင်သောအခါ လော့ကျန်း
၏အမူအရာလည်း
ပြင်းထန်စွာပြောင်းလဲသွားပြီး အကြည့်များက
ပို၍ပင် စူးရှလာသည်။

"ယန်ယဲ့အနားမှာ ဘာလို့ ဒီလိုထူးဆန်းတဲ့ သတ္တဝါတွေ များနေတာလဲ?"လော့ကျန်း က အနည်းငယ် တုန်လှုပ်စွာ ရေရွတ်လိုက်သည်။

ထိုခရမ်းရောင်မင့်ခ်ကလေးက တစ်ကောင်၊ နတ်ဘုရားသားရဲ့ရွှေနဂါးက ဒုတိယ၊ အလောင်းကောင်ဘိုးဘေး က ပို၍ပင် ကြောက်စရာကောင်းသည့် ဘီလူးဖြစ်သည်။

"သူ့ဘေးနားမှာ ဘယ်လိုဖြစ်ပြီး အဆင့်တူနယ်ပယ်မှာ ပြိုင်ဖက်ကင်းတဲ့တည်ရှိမှုတွေ ရှိနေရတာလဲ?

သူက လူသားကေရာဇ် လား? ဒါမှမဟုတ် ငါလား?"

"သူတို့ကိုသတ်! ဘာပဲပေးဆပ်ရပေးဆပ်ရ သူတို့ကို ရအောင်သတ်ပစ်။" လော့ကျန်း ၏ဒေါသတကြီးအမိန့်ပေးသံက စစ်တပ်ထဲ၌ ပဲ့တင်ထပ်နေသည်။

ထို့နောက် မရေမတွက်နိုင်သည့် တိုက်ခိုက်မှုများကကောင်းကင်နှင့် မြေပြင်ကို ဖုံးလွှမ်းသွားကာ ယန်ယွဲ့ နှင့်

အလောင်းကောင်ဘိုးဘေးတို့အပေါ်သို့
မိုးရွာချသည့်အလား ကျဆင်းလာတော့သည်။

ဤအခိုက်တွင် ရောမသေွးလက်ဝါးကြီး က
မြေပြင်ပေါ်သို့ ကျဆင်းလာချိန်တွင်
အပြာရောင် အလင်းတန်းနှစ်ခု
မိုးကုပ်စက်ဝိုင်းအစွန်မှ ရုတ်တရက်
ထွက်ပေါ်လာသည်။

အပြာရောင်အလင်းတန်းနှစ်ခုက
ရောမသွေးလက်ဝါးကြီးကို
ဖြတ်၍ထိုးဖောက်သွားသဖြင့် အပြည့်အဝ
မဖန်တီးနိုင်ခင်မှာပဲ ပေါက်ကွဲသွား၏။

ဤအချိန်တွင် စစ်တပ် ၏အထက်
ကောင်းကင်ယံ၌ အမျိုးသားတစ်ဦးနှင့်
အမျိုးသမီးတစ်ဦး ပေါ်လာသည်။

ယန်ယဲ့ သည်လည်း ၎င်းတို့ကို
သတိထားမိပြီးကြည့်လိုက်ရာ မြင့်မြတ်နယ်မြေ
၏အဖွဲ့ဝင်များဖြစ်နေသောကြောင့် ချက်ချင်း
မျက်မှောင်ကြုတ်သွားပါသည်။

"သူတို့လည်း မြင့်မြတ်နယ်မြေကနေ ထပ်ပြီးရောက်လာတာလား?"

ထိုအချိန်တွင် အဖြူရောင်ဝတ်အမျိုးသမီး ၏အကြည့်များသည် ယန်ယဲ့ ၏ပုခုံးပေါ် ရှိ ခရမ်းရောင်မင့်ခ်ကလေးပေါ်သို့ ရုတ်ချည်းဆင်းသက်လာသည်။

အဖြူရောင်ဝတ်အမျိုးသမီးက ခရမ်းရောင်မင့်ခ်ကလေး ကို လက်ညှိုးထိုးပြကာ "ငါ သူ့ကို လိုချင်တယ်!"

ခရမ်းရောင်မင့်ခ်ကလေး က ချက်ချင်းပင် ဒေါ်သတကြီး စိုက်ကြည့်ကာ သူမ၏ လက်သည်းလေးကို ဝှေ့ယမ်းကာ အဖြူရောင်ဝတ်အမျိုးသမီး ရှေ့သို့ ခရမ်းရောင်အလင်းတန်းတစ်ခု ပစ်လွှတ်လိုက်၏။

သူမက “အိုး။ဒါဆို လေဟာနယ်မင့်ခ် ပေါ့။" ဟု ပြောလိုက်ရင်း သူမ၏မျက်လုံးထဲတွင် အရောင်တဖျပ်ဖျပ် တောက်ပလာသည်။

"အရမ်းကောင်းတယ်!"

ထိုစကားပြောပြီးသည်နှင့် သူမက ပြန်၍

တိုက်ခိုက်ခြင်းမပြုသော်လည်း
ခရမ်းရောင်အလင်းတန်းက
အမှုန်အမွှားများအဖြစ်ပြောင်းလဲသွားခဲ့သည်။

"တကယ်ကို ထူးဆန်းတဲ့ တိုက်ခိုက်မှုပဲ။"
ယန်ယဲ့ ၏မျက်ခုံးများသည် အနည်းငယ်
တွဲကျနေသည်။

ဆန်းကြယ်ချီစွမ်းအင် အငွေ့အသက်ကိုပင်
အာရုံမခံမိသဖြင့် အဖြူရောင်ဝတ်အမျိုးသမီး

၏တိုက်ခိုက်မှုနည်းလမ်းက
အလွန်ထူးဆန်းပါသည်။

"ဒါဆို သူမရဲ့တိုက်ခိုက်မှုက
ဆန်းကြယ်ချီစွမ်းအင် မဟုတ်ဘဲနဲ့
စိတ်ဝိညာဉ်နည်းလမ်း လား?"

လော့ကျန်း က အမျိုးသား
နှင့်အမျိုးသမီးကိုမြင်သောအခါ သူ့စိတ်ထဲမှ
သတ်ဖြတ်လိုသော စိတ်ဆန္ဒကို

အတင်းထိန်းချုပ်လိုက်ကာ သူ့စစ်တပ်ကို
နောက်ဆုတ်ရန် အချက်ပြလိုက်၏။

သိသာစွာပင်၊ ဤလူနှစ်ယောက်က
မြင့်မြတ်နယ်မြေ ၏သံတမန် သုံးဦး
သေဆုံးခြင်းကြောင့်
ရောက်ရှိလာကြခြင်းဖြစ်သည်။

ထို့ကြောင့် သူ့စိတ်ထဲတွင် ယန်ယဲ့
နှင့်မြင့်မြတ်နယ်မြေ ၏အဖွဲ့ဝင်များကြား
တိုက်ပွဲကို စောင့်ကြည့်ကာ

အပြင်းအထန်ဒဏ်ရာရစေရန် မျှော်လင့်လိုက်သည်။

ဤအချိန်တွင် အမျိုးသမီး၏ဘေးနားမှ အမျိုးသားက "လန်လင်း၊ မင်းက အဲဒီကောင်ငယ်လေးကို လိုချင်တာလား?" ဟု ပြောလိုက်ပါသည်။

အဖြူရောင်ဝတ်အမျိုးသမီး က ခေါင်းညိတ်ပြပြီး "ဒါဟာ သူ့မျိုးနွယ်စုရဲ့ အမွေအနှစ်ကို

အောင်အောင်မြင်မြင်ဆက်ခံထားတဲ့ လေဟာနယ်မင့်ခ် တစ်ကောင် ပဲ။ ငါလည်း တကယ်သဘောကျတယ်။"

အမျိုးသား က ပြုံးပြီး ယန်ယဲ့ကို စိုက်ကြည့်ကာ စာလိပ်တစ်လိပ် ပစ်ပေးလိုက်ရင်း "ငါ့ရဲ့မြင့်မြတ်နယ်မြေ အဖွဲ့ဝင်တွေက အားနည်းသူတွေကို အနိုင်ကျင့်တာ မဟုတ်ဘူး။ အဲဒါက အဆင့်မြင့်ကောင်းကင်အဆင့်နည်းစနစ် တစ်ခုပဲ။ မင်းတစ်သက်လုံးမှာတောင် တစ်ခါမှ မတွေ့နိုင်တဲ့အရာဖြစ်နိုင်တယ်။

ဒီအချိန်ကစပြီး

အဲဒီကောင်းကင်အဆင့်မြင့်နည်းစနစ်က

မင်းအပိုင်ဖြစ်သွားပြီ။ ပြီးတော့ မင်းက

ပြဿနာတချို့ရင်ဆိုင်နေရပုံပဲ။ စိတ်မပူပါနဲ့၊ ငါ

မင်းကို ကူညီဖြေရှင်းပေးမယ်။

တစ်ဖက်ကလည်း မင်းက ငါ့အတွက်

အသေးအမွှားလေးပဲ လုပ်ပေးရမယ်။

ငါဘာကိုဆိုလိုတယ်ဆိုတာ

မင်းသိတယ်မဟုတ်လား"

ခရမ်းရောင်မင့်ခ်ကလေး က

ဒေါသထွက်သွားပြီး သူမ၏လက်သည်းလေးကို

ငှေယမ်းကာ ယန်ယဲ့ ၏ခေါင်းကို
လက်သေးသေးလေးနှစ်ဖက်ဖြင့်
ဖက်ထားလိုက်သည်။

ယန်ယဲ့ က ခရမ်းရောင်မင့်ခ်ကလေး ကို
စိုက်ကြည့်ရင်း ဖော်မပြနိုင်လောက်အောင်
ကြည်နူးသွားသည်။

ထို့နောက် သူမက ပွေ့ချီကာ သူ့ရင်ဘတ်ကြား
ထည့်ထားလိုက်သည်။

ခရမ်းရောင်မင့်ခ်ကလေး က
ရုန်းကန်ခြင်းမပြုပေ၊ သို့သော်

သူမ၏မျက်နှာသေးသေးလေးက
နီရဲလာလေသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
အဖြူရောင်ဝတ်အမျိုးသမီး၏ မျက်လုံးထဲ၌
ချစ်ခင်၊ ကြင်နာမှုများ ပို၍နက်ရှိုင်းလာသည်။
အမျိုးသားက ထိုအခြေအနေကို သတိပြုမိပြီး
ယန်ယဲ့ ကို စိုက်ကြည့်ကာ "ဘာလဲ?
နည်းလွန်းတယ်လို့ မင်းထင်တာလား။
တစ်ခါတစ်လေမှာ
အရမ်းလောဘကြီးလို့မရဘူး!"

ဤအချိန်မှာပဲ လှော့ကျန်း က ရုတ်တရက် ပြောလာသည်။ “မင်းတို့နှစ်ယောက်လုံး မြင့်မြတ်နယ်မြေ ကနေလာခဲ့တာ... ဟုတ်တယ်မဟုတ်လား”

အမျိုးသား က လှော့ကျန်း ကို စိုက်ကြည့်ကာ "မင်းဘယ်လုပ်သိတာလဲ" ဟု အေးစက်စက် မေးလိုက်သည်။

လော့ကျန်း က ခေါင်းခါယမ်းလိုက်ပြီး
"မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင် (၃)ယောက် ဒီကို
အရင်ရောက်လာတာ
ငါနဲ့တောင်တွေ့လိုက်တယ်။ ကံမကောင်းစွာပဲ၊
အခုသူတို့သေသွားပြီ!"

အမျိုးသား ၏မျက်လုံးများက မှေးမှိန်သွားကာ
လေသံက လည်း အေးစက်သွားပါသည်။
"ဘယ်သူသတ်လိုက်တာလဲ!"

လော့ကျန်း က ပြုံးကာ ယန်ယဲ့ ကို
လက်ညှိုးထိုးပြလိုက်သည်။ "သူက
မင်းတို့ရှေ့မှာပဲလေ။"

အမျိုးသား နှင့် အဖြူရောင်ဝတ်အမျိုးသမီး က
ချက်ချင်း မျက်မှောင်ကြုတ်သွားပြီး ယန်ယဲ့ ကို
စိုက်ကြည့်ကာ "သူက
အမှန်အတိုင်းပြောတာလား” ဟု
မေးလိုက်သည်။

"သူလိမ်နေတာ!" ယန်ယွဲ့ ၏အမူအရာမှာက မပြောင်းလဲဘဲ “သူနဲ့သူ့စစ်တပ်က သတ်ဖြတ်နေတာကို ငါတို့မြင်လို့ ငါတို့ကိုပါ နှုတ်ပိတ်ဖို့ကြိုးစားနေတာ"ဟု ပြန်ဖြေလိုက်ပါသည်။

ထိုစကားကို ကြားသောအခါ အမျိုးသား ၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားပြီး အေးစက်သော အလင်းတန်းတစ်ခု လင်းလက်လာသည်။

တဖန် လော့ကျန်း ကို ပြန်လှည့်ကြည့်ကာ အေးစက်သောလေသံဖြင့်ပြောလိုက်၏။

"မင်းတကယ်ပဲ ငါ့မြင့်မြတ်နယ်မြေ
ရဲ့အဖွဲ့ဝင်တွေကို သတ်ဝံ့ပြီး ငါ့ကိုပါ လှည့်စားဖို့
သတ္တိရှိတာလား။ သေလိုက်!"

စကားဆုံးသည်နှင့် တပြိုင်နက်
လက်ကိုဝှေ့ယမ်းကာ ထူးဆန်းသော
တံဆိပ်တစ်ခုကို ဖန်တီးပြီး လော့ကျန်း ဆီသို့
ပစ်လိုက်သည်။

စွမ်းအင်နှင့် ဖန်တီးထားသည့် အပြာရောင်
အလင်းတန်းတစ်ခုက

တံဆိပ်ပေါ်တွင်တလက်လက်တောက်နေကာ လော့ကျန်း ထံသို့ တိုက်ရိုက် ပျံသန်းသွား၏။

၆၄၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၆ – ရန်တိုက်ပေးခြင်း

"လူသားဧကရာဇ်ကိုကာကွယ်ပါ!" ကျိုးကျန်းဖေး က ရှေ့ကို ခုန်ထွက်ကာ

ဒေါသတကြီး အော်ဟစ်ရင်း
လက်ထဲတွင်ကိုင်ထားသည့် လုံကို
အလျားလိုက် ဝှေ့ယမ်းလိုက်လေသည်။

လုံထိပ်ဖျားကနေ လုံချိစွမ်းအင်ကြိုးမျှင်များ
ထွက်လာပြီး အပြာရောင်အလင်းတန်းနှင့်
တိုက်မိသွားသည်။

အုန်း!

လုံစွမ်းအင်က ချက်ချင်း ကွဲထွက်သွားပြီး ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

သို့သော်လည်း

လုံစွမ်းအင်ပျောက်ကွယ်သွားပြီးနောက်တွင် တိုက်ခိုက်မှုပေါင်း (၁၀၀)နီးပါး နောက်ကနေ လိုက်ပါလာပြီး အပြာရောင်အလင်းတန်းကို ချက်ချင်း ဖုံးလွှမ်းသွားခဲ့သည်။

ထို့နောက်တွင် လော့ကျန်း ၏နောက်မှ သက်တော်စောင့်တပ်ဖွဲ့က ရှေ့တပ်လာပြီး တိုက်ခိုက်ရန်ပြင်လိုက်ကြသည်။

လှော့ကျန်း က သူ့လက်ကို ဝှေ့ယမ်းကာ တားလိုက်ပြီး ယန်ယဲ့ကို မကျေမနပ် စိုက်ကြည့်ရင်း “ယန်ယဲ့! ဘာဖြစ်နေတာလဲ။ မင်းဘယ်တုန်းက ကိုယ့်လုပ်ရပ်အတွက် တာဝန်မယူတဲ့သူတစ်ယောက် ဖြစ်လာတာလဲ။"

ယန်ယဲ့ က ပုခုံးတွန့်ပြလိုက်သည်။ "ဒါ မင်းရဲ့ကိစ္စမဟုတ်ဘူး!"

လော့ကျန်း ၏မျက်နှာသည် ဒေါသကြောင့်
မှုန်ကုပ်ကုပ်ဖြစ်သွားကာ
သူ့လက်ထဲကိုင်ထားသည့်လူသားကေရာဇ်ဓား
ကနေ ပြင်းထန်သော ဓားမြည်သံ
ထွက်ပေါ်လာသည်။

"ဟမ်? လူသားကေရာဇ်ဓား။ မင်းတကယ်ပဲ
လူသားကေရာဇ်ဓား ကို ပိုင်ဆိုင်ထားသလား။
ဒီလိုဆို မင်းက လူသားကေရာဇ်လား?"
ထိုအချိန်တွင် အမျိုးသား
နှင့်အဖြူရောင်ဝတ်အမျိုးသမီးလည်း

လော့ကျန်း ကို စိုက်ကြည့်နေရင်း ရုတ်တရက် အံ့သြသွားကြသည်။

ဤအခိုက်တွင် ယန်ယဲ့ က ကမန်းကတန်း ပြောလိုက်လေသည်။ "ကြည့်လိုက်။ သူ့စစ်တပ်က ငါတို့ကို ဝိုင်းထားတယ်။ သူသာ နှုတ်ပိတ်ဖို့ ကြံစည်ထားရင် သူ့ကို တားနိုင်မယ် ထင်လား။

ဒါ့အပြင် သူက ငါတို့ကို ဒီ နေရာမှာသတ်လိုက်မယ်ဆိုရင် မင်းတို့ကို ဘယ်သူကသတ်တယ်ဆိုတာ

မြင့်မြတ်နယ်မြေက သိနိုင်မယ်ထင်လား။ ဒါက လုံးဝမထင်ဘူး။"

ထိုစကားကိုကြားသောအခါ အမျိုးသားနှင့် အဖြူရောင်ဝတ်အမျိုးသမီး လည်း ချက်ချင်း သတိပြန်ဝင်လာကြ၏။

၎င်းတို့ ခွန်အားကို ယုံကြည်မှုရှိသော်လည်း ထောင်သောင်းချီသည့် စစ်တပ်နှင့် တိုက်ခိုက်ရန် လုံလောက်သည်ဟုတော့ မထင်ရဲပေ။

"ချီး....။ ယန်ယဲ့! မင်းက တကယ်
အရှက်မဲ့တဲ့ကောင်ပဲ!" လော့ကျန်း က
ဒေါသတကြီး အော်ငေါက်လိုက်သည်။ “အဲဒီ
သံတမန် ၃ ပါးကို တကယ်ပဲ
ငါသတ်တာမဟုတ်ဘူး။ ယန်ယဲ့ ရဲ့လက်ထဲမှာ
သေသွားကြတာ။ မင်းတို့
သူအသုံးချတာကိုမခံနဲ့။"

ယန်ယဲ့ က ပုံမှန်လေသံနှင့်သာ
ပြန်ပြောလိုက်၏။ "ငါ့ခွန်အားက အဲဒီ သံတမန်

၃ ယောက်ကို သတ်ဖို့ လုံလောက်တယ်လို့
မင်းထင်သလား။

လူသားကောရာဇ် က သူ့စစ်တပ်နဲ့
မဝိုင်းထားဘူးဆိုရင် သူတို့ ဘယ်လိုလုပ်ပြီး
လွယ်လွယ်ကူကူ အသတ်ခံရနိုင်မှာလဲ?"

အမျိုးသား ၏အကြည့်က လော့ကျန်း အပေါ်
ပို၍စူးရှလာသည်။ ဤအခိုက်တွင်
နှစ်ယောက်လုံးက ယန်ယွဲ့ကို
သံသယဝင်နေသည့် အတွေးများပင်
ပျောက်ကွယ်သွားကြသည်။

"သူ့ကိုသတ်! ယန်ယဲ့ ကို
မရရအောင်အသေသတ်ပစ်လိုက်ကြ။"
လော့ကျန်း က ဒေါသကို မထိန်းနိုင်တော့ပေ၊
ချက်ချင်းပင် ဒေါသတကြီး အော်ဟစ်၍
အမိန့်ပေးလိုက်တော့၏။

အလောင်းကောင်ဘိုးဘေး ကလည်း
တိုက်ခိုက်ရန်ပြင်နေလေသည်။

သို့သော် ယန်ယဲ့ က ၎င်းကို တားလိုက်ကာ အမျိုးသားနှင့် အဖြူရောင်ဝတ်အမျိုးသမီး ၏နောက်တွင် ရပ်လိုက်သည်။

တစ်ဆက်တည်း သူ့ပါးစပ်ကနေ အသံကျယ်ကျယ်ဖြင့်ပြောလိုက်လေသည်။

“ငါ့ကို သတ်ပြီး နှုတ်ပိတ်ဖို့ ကြံနေတာ။ ငါသေသွားတာနဲ့ ဘာသက်သေမှမကျန်တော့ဘူး။ ပြီးတော့ အဲဒီ မြင့်မြတ်နယ်မြေ ရဲ့သံတမန် ၃ ယောက် သေဆုံးမှုကို သူက ငါ့ဆီ တွန်းပို့လိမ့်မယ်။ မင်းတို့သူ့ကိုတားရမယ်!"

အလောင်းကောင်ဘိုးဘေး က ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီးနောက် ခေါင်းယမ်းလိုက်သည်။ "ဒီကောင် ဘယ်တုန်းက ဒီလောက် အရှက်မဲ့သွားတာလဲ?.

လော့ကျန်း က စစ်တပ်ကို တိုက်ခိုက်ရန်အမိန့်ပေးလိုက်သည်ကို သတိပြုမိသောအခါ လူငယ်၏ အမူအရာက အနည်းငယ် ပြောင်းလဲသွားကာ "ရဲတင်းလိုက်တာ။ မင်းက ငါ့ကိုသတ်ချင်နေတာလား?

မင်း လူသားကေရာ်ဇ် ဖြစ်နေရင်တောင် ငါတို့မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေကို သတ်တဲ့အတွက် မင်းမသေမချင်းလိုက်ပြီးအသတ်ခံရမယ်ဆိုတာ သိလား။"

လော့ကျန်း က ဒေါသတကြီး အော်ဟစ်လိုက်ပါသည်။ "မင်းရဲ့ မြင့်မြတ်နယ်မြေက အဖွဲ့ဝင်တွေကို သတ်ခဲ့တာ ယန်ယဲ့ ပဲ၊ ငါမဟုတ်ဘူး!" ဤအခိုက်တွင် လော့ကျန်း က အလွန်တရာ ဒေါသထွက်နေလေသည်။

သူ့ဘဝတစ်ခုလုံး ဤကဲ့သို့ ဖိနှိပ်ခံရခြင်းကို တစ်ခါမှ မကြုံဖူးပေ။

အကယ်၍ ၎င်းတို့၏နောက်ခံအဆင့်အတန်းကြောင့်သာမဟုတ်လျှင် အမျိုးသားနှင့် အဖြူရောင်ဝတ်အမျိုးသမီး ကို ချက်ချင်းသတ်ဖြတ်ပစ်ပေလိမ့်မည်။

"ဘယ်လောက်ရဲတင်းလိုက်သလဲ!" အမျိုးသားက ဒေါသတကြီးအော်ငေါက်လိုက်၏။ “မင်းငါ့ကို သုံးနှစ်သားကလေးလို့များ ထင်နေတာလား။ သူက သာမန်

ချိုးမြောက်ခြင်းနယ်ပယ်ပညာရှင် တစ်ယောက်ပဲရှိတယ်။ ဘယ်လိုလုပ်ပြီး ငါ့မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင် (၃)ဦးလုံးကို သတ်နိုင်မှာလဲ။

ဒါ့အပြင် လင်းတျန် နဲ့အဖွဲ့က ယန်ယဲ့ ကိုမဟုတ်ဘဲ လူသားဧကရာဇ် ကို ရှာပြီးတွေ့ဆုံဖို့ တိုက်ကြီးကိုဝင်လာခဲ့တာ။ ဘယ်လိုကြောင့် သူနဲ့ ရန်သူဖြစ်မှာလဲ?

ဟမ့်။ သူနဲ့ရန်သူဖြစ်သွားရင်တောင် သူတို့ထဲက တစ်ယောက်ယောက်က သူ့ကို အလွယ်တကူ သ်တပစ်နိုင်တယ်။”

"ဘာမိုက်မဲတာလဲ!" လော့ကျန်း က ဒေါသတကြီး အော်ဟစ်လိုက်ပြီး "မင်းရဲ့ မြင့်မြတ်နယ်မြေ က အဖွဲ့ဝင် ၃ ယောက် ဘယ်လိုသေဆုံးသွားလဲသိလား။

ယန်ယဲ့ က သူတို့သုံးယောက်စလုံးကို ဓားတစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တာ။ မင်းရဲ့အဖွဲ့ဝင် (၃)ယောက်လုံး ပြန်တိုက်ဖို့တောင် အခွင့်အရေးမရလိုက်ဘူး။

ငါတို့ အခု ပူးပေါင်းရင် သူ့ကို သတ်ဖို့ အခွင့်အရေး ရနိုင်တယ်။ ဒီလိုမှမဟုတ်ရင်၊ ငါတို့က ဒီအခွင့်အရေးကို

လက်လွတ်မခံဘဲလုပ်ရမယ်။ သိုင်းကျောင်း
မဟုတ်ရင် ဘယ်သူမှ သူ့ကို သတ်နိုင်မှာ
မဟုတ်ဘူး။”

အမျိုးသား က ယန်ယွဲ့ ကို
ပြန်လှည့်ကြည့်လာသည့်အခါ ယန်ယွဲ့ ဟာ
မည်သည့်အန္တရာယ်မှမရှိသည့် အမူအရာကို
ချက်ချင်းထုတ်ဖော်လိုက်သည်။
အမျိုးသား က အသက်ပြင်းပြင်းရှူပြီး
လော့ကျန်း ကို စိုက်ကြည့်ရင်း “ကဲ၊ ငါ့ရဲ့
မြင့်မြတ်နယ်မြေ အဖွဲ့ဝင် ၃ ယောက်ကို

မင်းမသတ်ခဲ့ရင်တောင် သူတို့ရဲ့ သေဆုံးမှုက
မင်းနဲ့ ပတ်သက်တာ သေချာတယ်။
ဘာလို့လဲဆိုတော့ မင်းက သူ့ကိုသတ်ပြီး
နှုတ်ပိတ်ဖို့ အကြံအစည်ရှိနေလို့ပဲ။
ငါ့ဂျူနီယာတွေက သူ့ရဲ့ တိုက်ခိုက်မှု
တစ်ခုကိုတောင် မခုခံနိုင်ခဲ့ကြဘူး...ဟုတ်လား.၊
ငါတို့က ငတုံးငအတွေလို့
မင်းထင်နေတာလား?"

အဖြူရောင်ဝတ်အမျိုးသမီး လည်း
မျက်မှောင်ကြုတ်သွားသည်။
ဤအရာအားလုံးနှင့်ပတ်သက်ပြီး အနည်းငယ်

ထူးဆန်းသည်ဟု သူမခံစားမိသော်လည်း
လူသားကေရာဇ်ကို မယုံကြည်နိုင်ဟု
ခံစားမိလိုက်သည်။

အဘယ်ကြောင့်ဆိုသော် သူမက လင်းတျန်
နှင့်ကျန်လူငယ်နှစ်ဦး ၏အင်အားကို
ကောင်းစွာသိထားသောကြောင့်ပင်။

၎င်းတို့သည် မြင့်မြတ်နယ်မြေ
၏လူငယ်မျိုးဆက်၌
ထိပ်တန်းအဆင့်မဟုတ်သော်လည်း
ဤတိုက်ကြီးမှ

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ယှဉ်နိုင်မည်မဟုတ်ပေ။

ဤအခိုက်တွင် အဖြူရောင်ဝတ်အမျိုးသမီး က
ယန်ယဲ့ ကို တစ်ချက်ကြည့်ရင်း
ကျိုးကြောင်းဆီလျော်မှုကို
ပို၍ပင်ယုံကြည်မှုခံစားလိုက်ရသည်။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့ က လင်းတျန်
နှင့်အဖွဲ့ ကို သတ်ဖြတ်ပစ်နိုင်စွမ်းရှိပုံမပေါ်ပေ။

လော့ကျန်း ၏မျက်နှာသည် လုံးဝကို
မည်းမှောင်သွားလေတော့သည်။

နောက်ဆုံး
သာမန်ကျင့်ကြံသူတစ်ယောက်ကိုအသာထား၊
လူသားအားလုံးကို အုပ်ချုပ်မည့်
လူသားဧကရာဇ် ပင်လျှင်
ဒေါသရှိပေသည်မဟုတ်ပါလား။

ဤအချိန်တွင် လော့ကျန်း ၏လက်ထဲမှ
လူသားဧကရာဇ်ဓား က ဆက်၍

ထိန်းချုပ်မထားနိုင်တော့ပုံရ၏။ ၎င်းကနေ
ကျယ်လောင်သော ဓားမြည်သံများ
ထွက်ပေါ်လာလေသည်။

တစ်ချိန်တည်းမှာပင် လှော်ကျန်း ၏နောက်မှ
ထောင်သောင်းချီသည့် စစ်သည်များကလည်း
အမျိုးသား အပါအဝင် ယန်ယွဲ့ နှင့်
အခြားသူများကို ဒေါသတကြီး
စိုက်ကြည့်နေကြသည်။

လော့ကျန်း ကသာ အမိန့်ပေးလိုက်လျှင်
ငင်းတို့အားလုံး မြင့်မြတ်နယ်မြေ
၏အဖွဲ့ဝင်နှစ်ဦး နှင့် ယန်ယဲ့ကို
ချက်ချင်းသတ်ဖြတ်ပစ်မည်ဖြစ်သည်။

ဤမြင်ကွင်းကို မြင်လိုက်ရချိန်မှာတော့
အမျိုးသားက မျက်နှာပျက်သွားပြီး သူ့လက်ကို
ဝှေ့ယမ်းကာထူးဆန်းသည့် တံဆိပ်တစ်ခုကို
ဖန်တီးလိုက်သည်။

ဘေးတွင်ရပ်နေသည့်
အဖြူရောင်ဝတ်အမျိုးသမီး ကလည်း
အနည်းငယ် မျက်မှောင်ကြုတ်ကာ ရှုတ်တရက်
သူမ၏ပတ်ပတ်လည်တွင် ထူးဆန်းသော
စွမ်းအားအလှိုင်းများ အဆက်မပြတ်
ရွေ့လျားလာသည်။

တစ်ဖက်တွင်မူ အခြေအနေကို
စောင့်ကြည့်နေသည့် ယန်ယဲ့ဟာ
ဤမြင်ကွင်းကို မြင်လိုက်သည်နှင့်
ပါးစပ်ထောင့်တွင် အပြုံးတစ်ခုပေါ်လာပြီး

ခရမ်းရောင်မင့်ခ်ကလေး အား
ခေါင်းညိတ်ပြလိုက်သည်။

ခရမ်းရောင်မင့်ခ်ကလေး က ယန်ယဲ့
၏ရည်ရွယ်ချက် ကို နားလည်ဟန်ဖြင့်
လက်သည်းသေးသေးလေးကို မြှောက်ကာ
ခရမ်းရောင်အလင်းတန်း တစ်ခုကို ထုတ်ဖော်၍
စစ်တပ်ထဲသို့ ပစ်လွှတ်လိုက်လေသည်။

ခရမ်းရောင်အလင်းတန်းက စစ်တပ်ထဲသို့
ကျရောက်သွားသည်နှင့် တစ်ခဏလေးအတွင်း

ဒါဇင်ချီသည့် ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင်များ
သေဆုံးသွားကြသည်။

ခရမ်းရောင်အလင်းတန်းသည် စစ်မြေပြင်ကို
ချက်ချင်းလင်းထိန်သွားသည့် အလင်းလုံးကြီး
တစ်ခုကဲ့သို့ပင်။

"သူတို့ကိုသတ်! ဘယ်သူ့ကိုမှ
လွတ်မြောက်ခွင့်မပေးနဲ့။" လော့ကျန်း က

အေးစက်စက် မျက်နှာထားဖြင့်
အမိန့်ပေးလိုက်သည်။

၆၄၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၇ – တိုက်ပွဲ

"ဘယ်လောက်ရဲတင်းလဲ!" အမျိုးသား က
လုံးဝကို ဒေါသထွက်သွားပြီး လက်ကို

ငှေ့ယမ်းကာ တံဆိပ်တစ်ခုကို
လျင်မြန်စွာဖန်တီးပြီး လော့ကျန်း ဆီသို့
ပစ်လွှတ်လိုက်၏။

ထောင်ချီသော အပြာရောင်အလင်းတန်းများ
လေထဲ၌ လင်းလက်သွားကာ စစ်တပ်အပေါ်
ကျရောက်လာပြီးနောက် ကောင်းကင်နှင့်
မြေကြီးကို ဖုံးလွှမ်းသွားသည် ။

အဖြူရောင်ဝတ်အမျိုးသမီး က မျက်လုံးများကို
အနည်းငယ်မှိတ်ထားလိုက်သည်။

ရုတ်တရက်သူမ၏ပတ်ပတ်လည်တွင်
လှိုင်းလုံးများကဲ့သို့ထူးဆန်းသော
စွမ်းအင်လှိုင်းများ ထလာပြီး စစ်တပ်ဆီသို့
တိုက်ရိုက် ဦးတည်သွားလေတော့သည်။

ဤအချိန်တွင် ယန်ယဲ့ နှင့်
အလောင်းကောင်ဘိုးဘေး တို့လည်း
လော့ကျန်း ထံသို့
တရကြမ်းခုန်ဝင်လာကြသည်။

ဤအခိုက်အတန့်က လော့ကျန်း ကို
သတ်ပစ်ရန် အခွင့်ကောင်းတစ်ခုဖြစ်ပြီး
၎င်းကိုလက်လွှတ်မခံလိုပေ။

နှစ်ယောက်စလုံး
အလွန်လျင်မြန်စွာလှုပ်ရှားလိုက်ကာ
မျက်စိတစ်မှိတ်အတွင်း လော့ကျန်း နှင့် မီတာ
(၁၀၀) ကျော် အကွာသို့ ချက်ချင်း
ရောက်ရှိလာကြသည်။

သို့သော် လော့ကျန်း ၏မျက်နှာက
မထူးခြားသည့်အမူအရာတစ်ခုသာရှိနေကာ
ကြောက်ရွံ့မှုအရိပ်အယောင်ပင်မရှိပေ။

ဤသို့ဖြင့် ။

ယန်ယဲ့ နှင့် အလောင်းကောင်ဘိုးဘေး တို့
လော့ကျန်း ရှေ့မီတာ ၃၀ အကွာသို့
ရောက်လာသောအခါ ရုပ်ချင်းဆင်တူသည့်
အဘိုးအို (၃)ယောက် တစ်ပြိုင်နက်တည်း
ပေါ်လာကြသည်။

"ပြန်သွားစမ်း!" အဘိုးအို ၃ ဦးက ဒေါသတကြီး
အော်ဟစ်ပြီး လက်ဝါးများကို ဆန့်ထုတ်ကာ
ရှေ့တည့်တည့်သို့ လှမ်းရိုက်ချလေသည်။

ချက်ချင်းပါပဲ၊ မရေမတွက်နိုင်သည့်
လက်ဝါးများ ပေါ်လာပြီး ယန်ယဲ့ နှင့်
အလောင်းကောင်ဘိုးဘေး တို့အား တိုက်ရိုက်
ဖုံးလွှမ်းသွားတော့သည်။

ရုတ်တရက် တိတ်ဆိတ်သွားပြီးနောက်....

အုန်း

လက်ဝါးရိပ်များကြားကနေ
တလက်လက်တောက်ပနေသည့်
အလင်းတန်းများ ထွက်ပေါ်လာသည်။
ထို့နောက်တွင် ယန်ယဲ့ ၏ပုံရိပ်က လော့ကျန်း
ရှေ့ရောက်လာပြီး အုပ်ချုပ်သူဓားဖြင့်
လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာ
ခုတ်ပိုင်းလိုက်ပါသည်။

“လူသားကောင်ရာဇ်! သတိထားပါ!"
ပတ်ဝန်းကျင်မှ စစ်သည်များနှင့်

စစ်ဖက်ဆိုင်ရာအရာရှိများ အားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။

ဤအချိန်တွင် လူသားကေရာဇ်ဓား က အဖြူရောင်အလင်းတန်းတစ်ခုကို ကောင်းကင်သို့ ပစ်လွှတ်လိုက်သည်။

လောဒ့ကျန်း ၏မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်သော အငွေ့အသက်များ ထွက်ပေါ်လာပြီး လူသားကေရာဇ်ဓား ကို ကန့်လန့်ဖြတ် ဝှေ့ယမ်းကာ အုပ်ချုပ်သူဓား အား တန်ပြန်ပိုင်းချလိုက်လေသည်။

ဘန်း!

ဓားနှစ်လက် တိုက်မိရာမှ ပြင်းထန်သည့် စွမ်းအင်လှိုင်းလုံးများ လွင့်စင်လာပြီး မရေမတွက်နိုင်သော အဆင့်နိမ့်စစ်သည်များ ချက်ချင်းပေါက်ကွဲထွက်သွားကြသည်။

ခဏတာ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့၏အဆင့် ၉ ဓားစိတ်ဆန္ဒ က အုပ်ချုပ်သူဓား

နှင့် ပေါင်းစပ် သွားကာ လူသားကောရာဇ်ဓား ကို
တန်ပြန်၍ ဖိနှိပ်လိုက်သည်။

အုပ်ချုပ်သူဓား ကနေ ပြင်းထန်သည့်
ဓားစိတ်ဆန္ဒ ဖိအားများ ထွက်ပေါ်လာပြီး
လောကချန်း ၏ခြေထောက်နှစ်ဖက်လုံး
မြေကြီးထဲသို့ နစ်ဝင်သွားသည်။

ထို့နောက် ယန်ယဲ့ က ထပ်မံ၍
တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော် ဤအခိုက်တွင် တိုက်ခိုက်မှုပေါင်း (၁၀၀၀) နီးပါး ရောက်ရှိလာကြောင်း မြင်တွေ့ပြီးနောက် အေးစက်စက် ရေရွတ်ကာ ခါးနယ်မြေ ကို ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းတွင် သူ့ခြေထောက်တစ်ဖက်က လျင်မြန်စွာ ဆန့်ထွက်လာပြီး လော့ကျန်း ကို ကန်ချလိုက်လေသည်။

အုန်း!

လော့ကျန်း ၏ခန္ဓာကိုယ်က မြေပြင်ပေါ်သို့
ထောင်းချခံလိုက်ရသကဲ့သို့ပင်။

ယန်ယဲ့ သည် ရပ်တန့်မနေဘဲ ဆက်၍
တိုက်ခိုက်ရန်ပြင်လိုက်သည်။

ဤအချိန်မှာပဲ အောက်မြေပြင်ကနေ
အဖြူရောင်အလင်းတန်းတစ်ခုပေါ်လာသည်ကို
သတိပြုမိသဖြင့် ယန်ယဲ့ ၏အမူအရာလည်း
အနည်းငယ် ပြောင်းလဲသွားခဲ့သည်။

အုန်း! အုန်း! အုန်း!

ဤအချိန်တွင် မရေမတွက်နိုင်သော ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက ယန်ယဲ့ ဆီသို့ တရကြမ်းပြေးဝင်လာကြလေသည်။

တစ်ချိန်တည်းမှာပင် ၎င်းတို့အားလုံးက ပြိုင်တူလှုပ်ရှားလိုက်ကာ ယန်ယဲ့ ကို တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့ ၏မျက်ခွံများ အဆက်မပြတ် လှုပ်ယမ်းသွားကာ "သူတို့ကို တားလိုက်!

ဓားနယ်မြေသည်  ဤတိုက်ခိုက်မှုအားလုံးကို ရပ်တန့်နိုင်သော်လည်း အတားအဆီးမရှိဘဲ အသုံးမပြုနိုင်ပေ။

သူ လက်ရှိပိုင်ဆိုင်ထားသည့် ခွန်အားက တစ်ရက်တာအတွင်း ဓားနယ်မြေ ကို (၄)ကြိမ်သာ ထုတ်ဖော်နိုင်သည်။

"မင်းလူယုတ်မာ!!" အလောင်းကောင်ဘိုးဘေးက သူ့အပေါ် မရေမတွက်နိုင်သော တိုက်ခိုက်မှုများ ဖုံးလွှမ်းလာကြောင်း

မြင်တွေ့ပြီး ယန်ယဲ့ ကို ဒေါသတကြီး
ကျိန်ဆဲခဲ့သည်။

အသက်ရှူ ၁၀ ရှိုက်စာကြာပြီးနောက်
တိုက်ခိုက်မှုအားလုံး
ပျောက်ကွယ်သွားပါတော့သည်။

အလောင်းကောင်ဘိုးဘေး က
မည်သည့်ထိခိုက်မှုမှမရှိခဲ့ပေ။ သို့သော် ၎င်း
၏မျက်လုံးထဲ၌

သွေးရောင်များလျော့ကျနေသဖြင့်
ပင်ပန်းလာကြောင်း သိသာပေသည်။

"ငါတို့ ပြန်ဆုတ်ရမှာ၊ မဟုတ်ရင် ငါတို့ကို
မသေရင်ရင်တောင် အားကုန်တဲ့အထိ
ပင်ပန်းသွားလိမ့်မယ်။"
အလောင်းကောင်ဘိုးဘေး၏အသံသည်
ပထမဆုံးအကြိမ်အဖြစ်
လေးနက်မှုအရိပ်အယောင်များ
သယ်ဆောင်လာသည်။

"ယန်ယဲ့!" ထိုအချိန်တွင် လော့ကျန်း က ဒေါသတကြီး အော်ဟစ်လိုက်ရာ ကောင်းကင်ထက်၌ မရေမတွက်နိုင်သော အဖြူရောင်ရောင်စုံကံကြမ္မာစွမ်းအသ်ကြိုးများ ပေါ်လာလေသည်။

ကံကြမ္မာကြိုးများက လော့ကျန်း ဆီသို့ တိုက်ရိုက်စီးဝင်သွားပြီး လူသားကေရာဇ်ဓား ပေါ်တွင် အဖြူရောင် အလင်းတန်းတစ်ခု ချက်ချင်း ပေါ်လာသည်။

“လူယုတ်မာ၊ ငါ စားနယ်မြေကို
နောက်ထပ်မထုတ်ဖော်ချင်ဘူး၊ ဒါကြောင့်
မင်းကို ငါထားခဲ့မယ်။ဘယ်လိုပဲဖြစ်ဖြစ်
မင်းရဲ့ခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့်
နဲ့ ယှဉ်နိုင်တယ်လေ။ ဒီတော့
လူသားဧကရာဇ်စား က မင်းကို
အန္တရာယ်ပေးနိုင်မှာမဟုတ်ဘူး။" ယန်ယဲ့
၏မျက်နှာ က ဆိုးရွားနေသော်လည်း
အလောင်းကောင်ဘိုးဘေး ကိုသာ
မြှောက်ပင့်၍ တားဆီးခိုင်းလိုက်သည်။

"ကလေး၊ မင်းက အတော်လေး
အရှက်ကင်းမဲ့နေမှန်း ငါ အခုမှ
သိလိုက်ရတယ်။"
အလောင်းကောင်ဘိုးဘေးက ယန်ယွဲ့ ကို
ပြန်ကြည့်ရင်း ဒေါသတကြီး
အော်ဟစ်လေသည်။

၆၄၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)
မူရင်းရေးသားသူ - Licensed Form
ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၆၄၈ – အပြင်းအထန်တိုက်ခိုက်ကြခြင်း

“ငါဆုံးဖြတ်ပြီးပြီ။ မင်း သူ့ကို အလုပ်ရှုပ်အောင်လုပ်လိုက်။ ငါ မင်းအတွက် လမ်းဖွင့်ပေးမယ်။"  စကားပြောပြီးသည်နှင့် ယန်ယဲ့ ၏ခန္ဓာကိုယ်က တဖျပ်ဖျပ်လက်ကာ နောက်သို့ ပြန်လှည့်သွားလိုက်သည်။

ထို့နောက် သူ့လက်ထဲက အုပ်ချုပ်သူဓား ကို လျင်မြင်စွာ ယမ်းလိုက်ရာ မရေမတွက်နိုင်သည့်

ဓားချိုကြိုးများ မိုးရွာချသကဲ့သို့
အဆက်မပြတ်ကျဆင်းလာခဲ့လေည်။

တစ်ခဏလေးအတွင်း စစ်တပ်ထဲ၌
တုန်လှုပ်ချောက်ချားဖွယ် အော်သံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။

သူ့တွင် အခွင့်အရေးရှိပါက လော့ကျန်း ကို
အမှန်တကယ် သတ်ပစ်ချင်ခဲ့၏။
သို့သော် ကံဆိုးစွာပင် ဤအချိန်တွင်
မဖြစ်နိုင်တော့ပေ။

အလောင်းကောင်ဘိုးဘေး
ပြောသည့်အတိုင်းပင်ဤနေရာတွင်
ဆက်နေပါက နှစ်ဦးစလုံး မသေနိုင်သော်လည်း
ခွန်အားများကုန်ခန်း၍ ခြေကုန်လက်ပန်း
ကျသွားပေလိမ့်မည်။

မြင့်မြတ်နယ်မြေ မှ အမျိုးသားနှင့်
အဖြူရောင်ဝတ်အမျိုးသမီး တို့က
တိုက်ခိုက်မှုကို ရပ်တန့်လိုက်ကြသည်။

ဤအခိုက်တွင် လော့ကျန်း က

တစ်ဖက်အဖွဲ့နှင့်

အပြင်းအထန်တိုက်ခိုက်နေရသဖြင့် ၎င်းတို့ကို

တိုက်ခိုက်ရန် စစ်တပ်ကို

အမိန့်မပေးနိုင်ကြောင်း

မြင်တွေ့လိုက်ရလေသည်။

၎င်းတို့နှစ်ဦး က လက်ရှိ စစ်မြေပြင်၌

အသာယာဆုံးဟု ဆိုနိုင်သည်။

ထို့နောက် ယန်ယဲ့၊ လော့ကျန်း နှင့်

အလောင်းကောင်ဘိုးဘေး တို့ကို

အံ့အားသင့်စွာ ကြည့်နေကြ၏။

ဤလူများက စွန့်ပစ်ခံကမ္ဘာ
၏ကျင့်ကြံသူများပင်လော။

ဤစွန့်ပစ်ခံကမ္ဘာ ၏ကျင့်ကြံသူများက
မည်သည့်အချိန်တွင်
အလွန်သန်မာလာသနည်း။

"ခုတ်ပိုင်းစမ်း!" ဤအခိုက်အတန့်တွင်
လော့ကျန်း က ဒေါသတကြီး
အော်ဟစ်လိုက်ပြီး လူသားကေရာဇ်ဓား ကို
လွှဲယမ်းကာ  အလောင်းကောင်ဘိုးဘေး ထံသို့
အဖြူရောင်ဓားကြိုးတစ်ချောင်း
ပေါက်ကွဲထွက်လာသည်။

အလောင်းကောင်ဘိုးဘေး ၏အမူအရာသည်
လေးနက်နေကာ
ပေါ့ပေါ့ဆဆန်ဟန်ပန်များမရှိတော့ပေ။
တစ်ချိန်တည်းမှာပင် သူ၏သွေးဓားကြီးကို
အလျားလိုက် ဝှေ့ယမ်းကာ
ရှေ့တည့်တည့်သို့ဝင်လာသည့်
အဖြူရောင်ဓားကြီးကို တားဆီးလိုက်သည်။

အုန်း!

အဖြူရောင်ဓားချီစွမ်းအင်ကြိုးက သွေးဓားအလင်းတန်းကို ချိုးဖျက်၍ အလောင်းကောင်ဘိုးဘေး ၏ရင်ဘတ်ကို ထိမှန်သည်။

ဘုန်း!

အလောင်းကောင်ဘိုးဘေး ၏အရိုးစုခန္ဓာကိုယ်ကြီးက မီတာ (၁၀၀) ကျော်ထိပင် လွင့်ပျံကာ နောက်ဆုံးမှ မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ထိုအချိန်တွင် ထောင်ချီသော
တိုက်ခိုက်မှုများက အလောင်းကောင်ဘိုးဘေး
ဆီသို့ မုန်တိုင်းတစ်ခုလို ကျဆင်းလာပြန်သည်။

အုန်း! အုန်း! အုန်း!

ရောမပေါက်ကွဲသံများ ဆင့်ကာဆင့်ကာ
ထွက်ပေါ်လာပြီးနောက် ဘေးကနေ
တိတ်တဆိတ် စောင့်ကြည့်နေသည့် ယန်ယဲ့
ပင်လျှင် အနည်းငယ် တုန်လှုပ်သွား၏။

ဤအခိုက်တွင် ၎င်းတို့
ထွက်ခွာမည့်လမ်းကြောင်းအား
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
ထောင်ချီပိတ်ဆို့လာနေသည်ကို သတိပြုမိပြီး
ယန်ယဲ့ ၏မျက်နှာ က သိသိသာသာ
လေးနက်လာပါသည်။

ဤအချိန်တွင် အနည်းငယ်မျှပင်
သတိလက်လွတ်မပြုဝံ့ပေ။

ယန်ယဲ့က ပတ်ဝန်းကျင် အခြေအနေကို
တစ်ချက်အကဲခတ်ရင်း လက်ကိုဝှေ့ယမ်းကာ
နတ်ဘုရားသားရဲ့ရွှေနဂါးကို ဆင့်ခေါ်လိုက်၏။

မူလစေတီထဲ၌ ကုသမှုကြောင့် ၎င်းသည်
အပြည့်အဝ
ပြန်လည်ကောင်းမွန်လာခြင်းမရှိသေးသော်လ
ည်း မူလခွန်အား ၏တစ်ဝက်နီးပါးထိ
ပြန်ရထားပြီဖြစ်သည်။

"လေဟာနယ်ချုပ်နှောင်ခြင်း" ရွှေနဂါးကြီး ပေါ်လာသည်နှင့်တပြိုင်နက် အဆင့် ၅ နှင့် အထက်ဆင့် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်အများအပြား ရှေ့ပြေးတက်လာပြီး ချုပ်နှောင်ရန်ပြင်လိုက်ကြသည်။

သို့သော်လည်း ရုတ်တရက် ဆိုသလိုပင် ခရမ်းရောင်အလင်းတန်းများ တဖျပ်ဖျပ်လင်းလက်သွားကာ ရွှေနဂါးကြီး ပတ်ပတ်လည်ရှိ လေဟာနယ်အတားအဆီးများ

အားလုံး ချက်ချင်းပင်
အပိုင်းပိုင်းပေါက်ကွဲသွားခဲ့သည်။

ဤအခိုက်တွင် ယန်ယဲ့ သည် ရွှေနဂါးကြီး
ပေါ်သို့ ခုန်တက်ကာ
အလောင်းကောင်ဘိုးဘေးအား “လူယုတ်မာ၊
ဒီကို မြန်မြန်ထလာခဲ့!”

"မင်းထွက်သွားဖို့ကြိုးစားနေတာလား"
လော့ကျန်း က
အထင်အမြင်သေးစွာပြုံးလိုက်ကာ

လူသားကေရာဇ်ဓား ကို ရွှေနဂါးကြီး ဆီသို့
လျှပ်တစ်ပြက် လွှဲယမ်းလိုက်သည်။
မီတာ (၃၀၀) ကျော် ကျော်ရှည်လျားသော
အဖြူရောင်ဓားချီစွမ်းအင်တန်းကြီးက
လေထုကို ထိုးဖောက်၍ ရွှေနဂါးကြီး ထံသို့
တိုက်ရိုက်တိုးဝင်လာပါသည်။

ယန်ယဲ့ ၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
သို့သော် သူ့ခန္ဓာကိုယ်ထဲကနေ
ငရဲတစ္ဆေမီးတောက်၊

ခရမ်းတိမ်လျှပ်စီးကြောင်း နှင့်
နဝမငရဲအေးမီးတောက် တို့ကို ဆင့်ခေါ်ကာ
ရောမမီးဓားကြီးအဖြစ်ပြောင်းလဲပြီး
အဖြူရောင်ဓားအလင်းတန်းကြီး နှင့်
ရင်ဆိုင်လိုက်၏။

ဂျုန်း!

တိုက်ခိုက်မှုနှစ်ခုဟာ လေထုထဲတွင်
ပေါက်ကွဲသွားကြပါသည်။

မရေမတွက်နိုင်သော ဓားချိ၊ မီးတောက်များနှင့် လျှပ်စီးကြောင်းများက ပတ်ဝန်းကျင်ဆီသို့ တိုက်ရိုက် ဖြာထွက်လာသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ အမျိုးသားနှင့် အဖြူရောင်ဝတ်အမျိုးသမီး နှစ်ဦးလုံး မျက်လုံးများ သိသိသာသာ ကို ကျဉ်း မြောင်းသွားကြလေသည်။

မှန်ပေသည်၊ ပြောရမည်ဆိုလျှင် ၎င်းတို့နှစ်ဦးလုံးက ယန်ယဲ့ နှင့် လော့ကျန်း တို့၏ ကြောက်မက်ဖွယ်စွမ်းအားကြောင့် တုန်လှုပ်သွားကြခြင်းပင်။

အုန်း!

ဤအခိုက်အတန့်တွင်
သွေးနီရောင်အလင်းတန်းနှစ်ခု
ကောင်းကင်ပေါ်သို့ ကျရောက်လာသည်။
အလောင်းကောင်ဘိုးဘေး က
မရေမတွက်နိုင်သော တိုက်ခိုက်မှုများ
ထိမှန်ပြီးနောက် ယခုမှသာ ကောင်းကင်ပေါ်သို့
ပျံတက်လာခဲ့ခြင်းပါ။

"အား...!!!! မင်းတို့ ဘိုးဘေး ငါ့ကို ဒီလို ဆက်ဆံရဲတာလား ! မင်းအားလုံးကို ငါသတ်မယ်!" စကားဆုံးသည်နှင့် အလောင်းကောင်ဘိုးဘေး က သူ၏ညာလက်ဝါးကို အပေါ်မြှောက်ကာ အောက်မြေပြင်သို့ ဖိချလိုက်သည်။

ဂျိန်း

ကောင်းကင်အပြည့် ဖုံးအုပ်ထားသည့် ရောမသွေးလက်ဝါးကြီးတစ်ဖက် ပေါ်လာပြီး

အောက်မြေပြင်မှုစစ်တပ်ကို
ရက်စက်ကြမ်းကြုတ်စွာ ရိုက်ချလိုက်ပါသည်။

ဤရုတ်တရက်မြင်ကွင်းကြောင့်
မရေမတွက်နိုင်သော စစ်သည်များ
အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြ၏။

လော့ကျန်း ၏အမူအရာသည်လည်း
သိသိသာသာ ပြောင်းလဲသွားပါသည်။

သူ့ခန္ဓာကိုယ်ထဲကနေ
အဖြူရောင်ရောင်စုံစွမ်းအင်များ

ပေါက်ကွဲထွက်လာပြီး
လူသားကောရာဇ်ဓားနှင့်ပေါင်းစပ်ကာ
ရောမသွေးလက်ဝါးကြီးထက်မနိမ့်ကျသော
ဓားချီကြိုးတစ်ချောင်း ပစ်လွှတ်လိုက်သည်။

ပတ်ဝန်းကျင်မှ အဆင့် ၅ နှင့်အထက်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်သည်လည်း
၎င်းတို့ ၏အစွမ်းထက်ဆုံးတိုက်ခိုက်မှုများကို
ထုတ်ဖော်၍ ရောမသွေးလက်ဝါးကြီးကို
တိုက်ခိုက်လိုက်ကြလေသည်။

အဖြူ၊ အနီ၊ အပြာ….
ရောင်စုံအလင်းတန်းများအဖြစ်
ပေါင်းစည်းသွားကာ ရောမသွေးလက်ဝါးကြီး
နှင့် ပြင်းထန်စွာတိုက်မိသွားတော့သည်။

အုန်း!

ကမ္ဘာတုန်လှုပ်စေသော ပေါက်ကွဲသံကြီး
ကောင်းကင်ယံ၌ ပဲ့တင်ထပ်လာခဲ့လေသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၄၉ – ငါ့ကိုတားဆီးချင်တာ

သေချာလား

အုန်း ။

ကမ္ဘာတုန်စေသော ရောမပေါက်ကွဲသံကြီး

ပဲ့တင်ထပ်သွားလေသည်။

ထို့နောက် အလောင်းကောင်ဘိုးဘေး
၏ရောမသွေးလက်ဝါးကြီးက အနည်းငယ်
တုန်ခါသွားပြီးနောက်
ပေါက်ကွဲထွက်လာသည်ကို လူတိုင်း
အံ့အားသင့်စွာဖြင့် မြင်လိုက်ကြရသည်။

လော့ကျန်း နှင့် သူ့နောက်ကွယ်မှ
ပညာရှင်အုပ်စုလည်း ဤမြင်ကွင်းကို
မြင်လိုက်မှသာ သက်ပြင်းချလိုက်ကြသည်။

ယန်ယဲ့ သည် ရွှေနဂါးကြီး ၏ကျောပေါ်တွင် မတ်တပ်ရပ်နေရင်း ခေါင်းယမ်းလိုက်မိသည်။

အလောင်းကောင်ဘိုးဘေး နှင့် စတင်တိုက်ခိုက်ချိန်က ဤတိုက်ခိုက်မှုကို ခုခံရန် အဆင့် ၉ ဓားစိတ်ဆန္ဒ နှင့် တာအိုရတနာလက်နက်ကို ပေါင်းစပ်၍ အသုံးပြုခဲ့၏။

သို့သော် လော့ကျန်း နှင့် အဖွဲ့ကတော့ တာအိုနည်းစနစ်ကို

သာမန်တိုက်ခိုက်မှုများဖြင့်သာ
ချိုးဖျက်ခဲ့သည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့ ၏စိတ်ထဲ၌
"အင်အားအရေအတွက်"ဟူသည့် စကားကို
ရေရွတ်ရင်း သက်ပြင်း အခါခါချလိုက်ပါသည်။

"လူယုတ်မာ၊ မင်းမတက်သေးရင်
ငါထွက်သွားတော့မယ်!" ယန်ယဲ့ က
အလောင်းကောင်ဘိုးဘေး ကို ကြည့်ကာ
ပြောလိုက်၏။

လော့ကျန်း ၏စစ်တပ်နှင့်သာ
ဆက်ရှိတိုက်ခိုက်နေလျှင် နှစ်ယောက်စလုံး
အားအင်ကုန်ခန်းပြီးသေချာပေါက်
အသတ်ခံရနိုင်ပေသည်။

“အာ!!” အလောင်းကောင်ဘိုးဘေး က
ဒေါသတကြီး အော်ဟစ်ပြီးနောက်
၎င်း၏လက်တစ်ဖက်ကိုယမ်းလိုက်သည်။
အရိုးစုလက်ကနေ
သွေးနီရောင်အလင်းတန်းအနည်းငယ်ထွက်ပေါ်
လာပြီး လော့ကျန်း ဘေးနားမှ

ချိုးမြောက်ခြင်းနယ်ပယ်ပညာရှင် ဒါဇင်ခန့်
ခန္ဓာကိုယ်များ ချက်ချင်း
ပေါက်ကွဲထွက်သွားကြသည်။

သို့သော်လည်း ဤအခိုက်တွင်
မြင့်မြတ်နယ်မြေ ၏အဖွဲ့ဝင်နှစ်ဦး အနက်
အမျိုးသားက ရုတ်တရက်တားလိုက်သည်။
"မင်းတို့နှစ်ယောက် ဘယ်မှသွားလို့မရဘူး၊
ဒီမှာပဲနေရမယ်။ ငါ့မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်
၃ ယောက် သေဆုံးမှုက မင်းနဲ့
သက်ဆိုင်တယ်လို့ ငါထင်တယ်၊ ဒါကြောင့် မင်း
အခု ထွက်သွားလို့မရဘူး!"

အစပိုင်းတွင် သူ့စိတ်ထဲ၌ လော့ကျန်း
ပြောသည့်စကားများက အဓိပ္ပါယ်မဲ့နေသဖြင့်
ယန်ယဲ့ ကိုသာ ယုံကြည်ခဲ့၏။

လက်ရှိအချိန်တွင်မူ ဤယန်ယဲ့ ၏စွမ်းအားက
အမှန်ပင်ကြောက်စရာကောင်းလှပြီး အဆင့် ၉
ဓားစိတ်ဆန္ဒ ပင်လျှင်
နားလည်ထားကြောင်းသတိပြုမိသွားခဲ့ပါသည်။

သူ၏စိတ်ထဲ၌ ယန်ယဲ့ က
လှို့ဝှက်ဆန်းကြယ်သော အရိုးစု၊
ခရမ်းရောင်မင့်ခ်ကလေး တို့နှင့်
ပူးပေါင်းလိုက်လျှင် လင်းတျန်နှင့်အဖွဲ့အား
သတ်ရန်လုံလောက်သည်ဟု
ခံစားမိလိုက်သည်။

တဖန် လော့ကျန်း သည်လည်း လင်းတျန်
တို့သုံးယောက်အဖွဲ့ကို
သတ်ပစ်နိုင်စွမ်းရှိသောကြောင့် သံသယအ
ခြေအနေမှ ဖယ်ထုတ်လိုက်ခြင်းမရှိပေ။

အတိုချုပ်ပြောရလျှင် အမျိုးသား က လူသားကောရာဇ် လော့ကျန်း နှင့် ယန်ယဲ့ ဟူသည့် လူငယ်ကို ထွက်သွားခွင့်မပေးရန် ဆုံးဖြတ်ထား၏။

ယန်ယဲ့ က ထွက်သွားရန် ပြင်နေရင်း လူငယ်ကို လှည့်ကြည့်ကာ "မင်းငါ့ကို ဒီမှာနေစေချင်တာ သေချာလား"

လူငယ်(အမျိုးသား) ၏အမူအရာက ချက်ချင်း ပြောင်းလဲသွားပါသည်။

"ဒီကောင်က ဘာပြောဖို့ ကြိုးစားနေတာလဲ?
သူက ငါ့ကိုခြိမ်းခြောက်နေတာလား?
ထိုစကားကြောင့် လူငယ်က
ဒေါသထွက်သွားပြီး တိုက်ခိုက်ရန် ပြင်လိုက်၏။
သို့သော် ယန်ယဲ့ ထံမှ ထူးဆန်းသည့်
အငွေ့အသက်များကို ခံစားမိပြီး လူငယ်
၏နှလုံးသားက အေးခဲသွားကာ နောက်သို့
အလိုလိုဆုတ်သွားလိုက်မိသည်။

"သွားရအောင်!" ယန်ယဲ့ သည် လူငယ် ထံမှ
အကြည့်ရုတ်လိုက်ပြီးနောက်

စစ်တပ်ကြားထဲကနေ
ရွှေရောင်အလင်းတန်းတစ်ခုအသွင်ဖြင့်
ထိုးတက်သွားကာ ရွှေနဂါးကြီးနှင့်အတူ
မိုးကုပ်စက်ဝိုင်း သို့ဝင်ရောက်၊
ပျောက်ကွယ်သွားပါတော့သည်။

သို့သော် မည်သူမှ မလိုက်ရဲကြဘဲ၊ ရွှေနဂါးကြီး
မိုးကုပ်စက်ဝိုင်းအစွန်၌
ပျောက်ကွယ်သွားသည်ကိုသာ
ကြည့်နေခဲ့ကြသည်။

လောှကျန်း က လူသားကေရာဇ်ဓား ကို
တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း
မျက်နှာတစ်ခုလုံး သုန်မှုန်နေသည်။

ဤအခိုက်တွင် သူ့ပတ်ဝန်းကျင်ရှိ
အဖြူရောင်စွမ်းအင်များက
ကောင်းကင်ထက်သို့ ပြင်းထန်စွာ ပြန့်နှံ့သွား၏။

ဤနေ့ ဖြစ်ပွားခဲ့သည့်တိုက်ပွဲက
လူသားကေရာဇ် အတွက် အကြီးအကျယ်
အရှက်ရစရာဖြစ်ခဲ့သည်။

ယန်ယဲ့ က သူ၏စစ်တပ်ထဲသို့
ဝင်ရောက်လာသော် လည်း
၎င်းကိုသတ်ဖြတ်နိုင်ခြင်းမရှိပေ။ ထိုအစား
သူ့လက်အောက်မှ ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင်အများအပြားပင်
အသတ်ခံလိုက်ရ၏။

တစ်နည်းဆိုရလျှင် ဗဟိုနယ်မြေ ၏
ထိပ်တန်းအဆင့် ပညာရှင်များ အားလုံး ယန်ယဲ့
ကို မယှဉ်နိုင်ခဲ့ပေ။

ဤအခြေအနေက လူသားကောရာဇ် ဖြစ်သည့်
သူ့အတွက် အလွန်
အရှက်ရစရာပင်မဟုတ်သလော။

"ဘာလို့ သူတို့ကို လွှတ်လိုက်တာလဲ"
ဤအချိန်တွင် လူငယ်က ဒေါသထွက်နေသည့်
လော့ကျန်း ကို စိုက်ကြည့်ကာ
အေးစက်စက်ပြောလိုက်၏။

"မင်းမှာ မဟာစစ်တပ်ကြီးနဲ့
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်

(၁၀,၀၀၀)ကျော် ရှိနေတာတောင် ဒီ ချိုး
မြှောက်ခြင်းနယ်ပယ်ပညာရှင်နှစ်ယောက်
ထွက်သွားတာကို မတားနိုင်ဘူးလား။

ဤအခိုက်တွင် လော့ကျန်း က
လူငယ်လေးအား စူးစိုက်ကြည့်နေကာ
မည်သည့်စကားမှ မပြောဘဲ ရုတ်တရက်
လူသားကေရာဇ်ဓားဖြင့် ပိုင်းချလိုက်သည်။
"မင်း လူမိုက်! မင်းသာဝင်မရှုပ်ရင် ငါတို့က
ယန်ယဲ့ ကို သတ်ပြီးတာကြာပြီ။ အခုတောင်
မင်းက ငါ့ရှေ့မှာ ဆူညံနေတာလား။ ဖယ်စမ်း!”

အုန်း!

လူငယ်က မီတာ ၃၀၀ ကျော် အကွာသို့ ခုန်ထွက်သွားပြီးနောက် ရောမပေါက်ကွဲသံ ထွက်ပေါ်လာခဲ့သည်။

"ဘယ်လိုတောင်လုပ်ဝံ့တာလဲ! ငါတို့က မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေလို့ သိနေတာတောင် မင်း ငါတို့ကို တိုက်ခိုက်ဖို့ သတ္တိရှိသလား။ မင်းက လူသားကောရာဇ်ဖြစ်လို့ ငါတို့မင်းကိုမသတ်ဝံ့ဘူးလို့

မင်းမထင်နေတာလား!" လူငယ်
၏မျက်လုံးများက ရှက်ရွံ့ ဒေါသစိတ်ကြောင့်
ကြက်သွေးရောင်ကဲ့သို့ နီရဲနေလေသည်။

သူ့စိတ်ထဲတွင် ဤစွန့်ပစ်ခံကမ္ဘာ
၏ကျင့်ကြံသူများက မြင့်မြတ်နယ်မြေ
၏အဖွဲ့ဝင်ဟု ပြောလိုက်ရုံဖြင့်
ရိုသေလေးစားစွာ ဆက်ဆံလိမ့်မည်ဟု
ထင်ထားခဲ့သည်။

သို့သော် တကယ်တမ်း၊ လက်တွေ့တွင်မူ သူမျှော်လင့်ထားသည့်အတိုင်း မဟုတ်သဖြင့် အတော်လေးရှက်ရွံ့သွားပါသည်။

ဤအခိုက်တွင် လော့ကျန်း က သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ထိန်းချုပ်၍ အဖြူရောင်ဝတ်အမျိုးသမီး ကိုစူးစိုက်ကြည့်ကာ "ငါ မင်းနာမည်ကို သိလို့ရမလား?"

အဖြူရောင်ဝတ်အမျိုးသမီး က ခဏတာ တုံ့ဆိုင်းသွားပြီးနောက် ပြန်ဖြေလိုက်၏။

"လန်လင်း!"

“သခင်မလေး လန်လင်း!

မင်းတို့နှစ်ယောက်အပေါ် ငါက မကောင်းကြံတာမရှိဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။ မင်းရဲ့ မြင့်မြတ်နယ်မြေ က သံတမန် (၃) ယောက်ကို ငါတကယ်သတ်ပစ်လိုက်ရင် မင်းတို့အဲဒီမှာရပ်ပြီး ငါနဲ့စကားပြောဖို့ လုံးဝမဖြစ်နိုင်ဘူးလေ။

ဒါမှန်တယ်လို့မထင်ဘူးလား မိန်းမပျို
လန်လင်း! လော့ကျန်း က
အဖြူရောင်ဝတ်အမျိုးသမီး ကို ကြည့်ကာ
ပြောလိုက်သည်။

လန်လင်း က မျက်မှောင်ကြုတ်ပြီး
ပြောလိုက်လေသည်။ "ငါ့ရဲ့
မြင့်မြတ်နယ်မြေက အဲဒီအဖွဲ့ဝင်တွေအကုန်လုံး
ယန်ယဲ့ သတ်တာ ခံလိုက်ရတာအမှန်ပဲ"

"သခင်မလေး လန်လင်း! အဲဒါအတွက် သူ့မှာ ခွန်အားမရှိဘူးလို့ မင်းထင်နေသလား?" လော့ကျန်း က စကားကို ခဏရပ်ပြီးနောက် ဖြစ်ပျက်ခဲ့သည်များကို တစ်ခုချင်း ရှင်းပြလိုက်သည်။

.....

၆၅၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၅၀ – ယန်ယဲ့ ကိုသတ်ချင်ရင် အဲ့လောက်နဲ့မရဘူး

"သခင်မလေး လန်လင်း! အဲဒါအတွက် သူ့မှာ ခွန်အားမရှိဘူးလို့ မင်းထင်လား" လော့ကျန်းက ဒေါသကို မျိုသိပ်ပြီး ရှင်းပြလိုက်၏။

အဖြူရောင်ဝတ်အမျိုးသမီး (လန်လင်း)လည်း လော့ကျန်း ၏ရှင်းပြချက်ကို နားထောင်ပြီးနောက် ခဏတာ

တိတ်ဆိတ်သွားသည်။ သူမ၏ အမူအရာက တဖြည်းဖြည်း နှင့် လေးနက်လာခဲ့ပါသည်။

သို့သော်လည်း လန်လင်း ဖက်မှ လူငယ်က "ဓားအင်ပါယာ? တကယ့်ဟာသပဲ။ စွန့်ပစ်ခံကမ္ဘာရဲ့တစ်စုံတစ်ယောက်က သူ့ကိုယ်သူ ဓားအင်ပါယာ လို့ခေါ်ဝံ့သလား။ ငါ့အမြင်အရတော့ သူက အရမ်းသန်မာနေတာမဟုတ်ဘူး။ မင်းတို့ ကမ္ဘာရဲ့လူတွေကသာ အရမ်းအားနည်းလွန်းနေလို့ပဲ။"

"ဒါဆို မင်းရဲ့အစွမ်းအစရှိတဲ့
သိုင်းပညာနည်းစနစ်တွေကိုထုတ်မပြဘဲ
သူထွက်သွားတာကို ဘာကြောင့်
မတားတာလဲ။" လော့ကျန်း က
အသံကျယ်ကျယ်နဲ့ ပြောလိုက်သည် ။

“မင်း….” ဤစကားကြောင့် လူငယ်က
ဒေါသထွက်သွားကာ မျက်နှာတစ်ပြင်လုံး
နီရဲလာ၏။

လန်လင်း က လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည်။

"ချင်ဖုန်း! ငါတို့ ဒါကို ဝန်ခံချင်တာပဲဖြစ်ဖြစ် ငြင်းပယ်တာပဲဖြစ်ဖြစ် ယန်ယွဲ့ ရဲ့ခွန်အားက ငါတို့ထက် အများကြီး သန်မာတယ်။

ငါတို့နှစ်ယောက်ကိုအသာထားဦး၊ မြင့်မြတ်နယ်မြေမှာရှိနေရင်တောင် သူက ထိပ်ဆုံးရောက်ပါရမီရှင် တစ်ဦးဖြစ်နေမှာပဲ။

ဒါပေမဲ့ အရေးကြီးဆုံးက သူဟာ စိတ်ဆန္ဒအတိုင်းပဲပြုမူပြီး ငါတို့ရဲ့မြင့်မြတ်နယ်မြေကို လုံးဝ မျက်နှာသာမပေးဘူး။

အခုအချိန်မှာ မြင့်မြတ်နယ်မြေကို
အစွမ်းထက်ပညာရှင်တွေ ထပ်ပြီးစေလွှတ်ဖို့
အကြောင်းကြားလိုက်။ မဟုတ်ရင်
ငါတို့နှစ်ယောက်တည်းနဲ့ သူ့ကိုရင်ဆိုင်ဖို့
မဖြစ်နိုင်ဘူး။"

ချင်ဖုန်း ဟုခေါ်သည့် လူငယ်က နှုတ်ခမ်းများ
တွန့်လိမ်နေသော်လည်း ၎င်းကို မချေပဘဲ
အေးစက်စွာသာ ရေရွတ်နေသည်။

လန်လင်း က ဆက်ပြောသည်။ "အစတုန်းက သူ့ရဲ့ခွန်အားက အရမ်းကြောက်စရာကောင်းတဲ့အတွက် သူ့ကို ငါတို့အဖွဲ့ဝင် တစ်ယောက်ဖြစ်လာဖို့ မြင့်မြတ်နယ်မြေ ကို ခေါ်ယူဖို့တောင် ရည်ရွယ်ထားသေးတယ်။

ဒါပေမဲ့ အခုတော့ ဒီအတွေးကို ငါတို့ မတတ်နိုင်ဘဲစွန့်လွှတ်လိုက်ရပြီ။

ပြီးတော့ သူဟာ ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်ဖြစ်ပါစေဦး မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေကို

သတ်တဲ့အတွက်
တန်ကြေးပြန်ပေးဆပ်ရမယ်။"

လော့ကျန်း သည် ထိုစကားကိုကြားသောအခါ
အနည်းငယ်ပြုံးပြလိုက်သည်။

ထိုအချိန်တွင် လန်လင်း က "ချင်ဖုန်း!
မြင့်မြတ်နယ်မြေ ကိုပြန်သွား၊ ပြီးတာနဲ့
မြင့်မြတ်တဲ့အစောင့်စစ်တပ်ကို စေလွှတ်ပေးဖို့
အကြောင်းကြားပါ။"

"သခင်မလေး လန်လင်း! ငါ မင်းကို နည်းနည်းသတိပေးပါရစေ!"
တစ်ချိန်တည်းမှာပင် လော့ကျန်း က စကားဖြတ်ပြောလိုက်သည်။

"သိုင်းကျောင်း တစ်ယောက်ကို စေလွှတ်လိုက်ရင်တောင် အသုံးမဝင်ဘူး။

ယန်ယွဲ့ မှာ သူတော်စင်တစ်ပိုင်းအဆင့် ဆရာ ရှိနေလို့ သူတော်စင်တစ်ပိုင်းအဆင့် ကို တောင်းဆိုရင် အကောင်းဆုံးပဲ။

မြင့်မြတ်နယ်မြေ မှာ သူတော်စင်တစ်ပိုင်းအဆင့် တွေ

မရေမတွက်နိုင်အောင်ရှိမယ်ထင်ပါတယ်။
ဟုတ်တယ်မလား?"

လန်လင်း က ခေါင်းခါလိုက်သည်။ "
မြင့်မြတ်နယ်မြေ ရဲ့သူတော်စင်တစ်ပိုင်းအဆင့်
တွေက လွယ်လွယ်နဲ့ ထွက်သွားလို့မရဘူး။
အတင်းထွက်သွားရင် သူတို့က
ကြီးကြီးမားမားအရာတစ်ခုခု ပေးဆပ်ရမယ်။"

ထို့နောက် လန်လင်း က အပြုံးနှင့်
ဆက်ပြောလိုက်၏။ "သခင်လေး လော့!

မစိုးရိမ်ပါနဲ့။ မြင့်မြတ်နယ်မြေ
ရဲ့အစောင့်တပ်က သိုင်းကျောင်း တွေ
မဟုတ်ဘူး၊ အဲဒီအစား
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေနဲ့
ဖွဲ့စည်းထားတာ။

နင်က သူ့ကို တိုက်ခိုက်ဖို့ သိုင်းကျောင်း ယတွေ
စေလွှတ်ခွင့်မရှိဘူး ဆိုတဲ့
တားမြစ်ချက်ရှိတယ်မဟုတ်လား။

ဒါဆို ငါတို့က သဘောတူညီချက်ကို
ချိုးဖောက်စရာမလိုဘူးလေ။"

လော့ကျန်း ၏မျက်ခုံးများက ပို၍ပင်
တင်းကျပ်စွာ တွဲကျနေသည်။
"ပွင့်ပွင့်လင်းလင်းပြောရရင်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေက
ယန်ယွဲ့ ကို တိုက်ခိုက်ဖို့ အသုံးမဝင်တော့ဘူး။

မင်းလည်း အခုလေးတင် သူ့ရဲ့ခွန်အားကို
မြင်ပြီးပြီမဟုတ်လား။ သူ့ဘေးက အဲဒီအရိုးစုနဲ့
ခရမ်းရောင် မင့်ခ်ကလေး ရှိနေလို့လို့တော့
မပြောနဲ့။"

မှန်ပေသည်၊
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကသာ

ယန်ယဲ့ ကို ခြိမ်းခြောက်နိုင်လျှင် သူ့အနေဖြင့် ၎င်းကိုသတ်ဖြတ်လိုက်ပြီးဖြစ်သည်။

"ဘယ်လိုတောင်မသိဘဲပြောနေတာလဲ? ငါ့ရဲ့ မြင့်မြတ်နယ်မြေ အစောင့်တပ်က မင်းရဲ့ အမှိုက်စစ်တပ်နဲ့ တူတယ်လို့ ထင်နေသလား" ချင်ဖုန်း က အေးစက်စက် အော်ဟစ်လိုက်သည်။

ထိုစကားကို ကြားသောအခါ လော့ကျန်း ၏နောက်မှ စစ်သည်အားလုံး

ဒေါသတကြီးဖြစ်ကာ ချင်ဖုန်း ကို တိုက်ခိုက်ရန် ပြင်လိုက်ကြသည်။

သို့သော် လော့ကျန်း က လက်ကို ဝှေ့ယမ်း၍ တားလိုက်သဖြင့် မကျေမနပ်မှုများကို မျိုသိပ်လိုက်ကာ ချင်ဖုန်း အား ဒေါသတကြီးအမူအရာများဖြင့်သာစိုက်ကြည့် နေကြ၏။

ဤအခိုက်တွင် လော့ကျန်း ၏အမူအရာသည်လည်း အနည်းငယ် အေးစက်နေပါသည်။

ဤအချိန်မှာပဲ လန်လင်း က ချင်ဖုန်း ကို စူးစူးရဲရဲ စိုက်ကြည့်၍ မျက်မှောင်ကြုတ်ကာ ပြောလိုက်၏။

"သခင်လေး လော့ က အဲဒါကို သတိမထားမိပေမယ့် ငါပြောပြပါ့မယ်။ မြင့်မြတ်နယ်မြေ ရဲ့အစောင့်တပ်က အဖွဲ့ဝင် အနည်းငယ်ပဲရှိတယ်။ ဒါပေမဲ့ အဲဒီ တစ်ယောက်ချင်းစီက ထိပ်တန်းအဆင့်တွေချည်းပဲ။

တစ်ခုပြောပြလိုက်ပါဦးမယ်။ သူတို့ထဲက အဆင်ပြေတယ်ထင်တဲ့ ၅ ယောက်ကို ရွေးပြီး ဆန်းကြယ်တိုက်ကြီး ရဲ့သိုင်းကေရာဇ် တစ်ယောက်ကို သတ်ဖို့လုံလောက်ပြီ။ ငါပြောတာကို ယုံကြည်စေချင်တယ်။ ဘာလို့လဲဆိုတော့ ငါပြောတဲ့အထဲမှာ နောက်နေတာတစ်ခုမှမပါဘူး။"

လော့ကျန်း ၏အမူအရာသည် အနည်းငယ် ပြောင်းလဲသွားကာ ရုတ်တရက် မေးလိုက်သည်။

"သူတို့က တကယ်သန်မာတာလား?"

လန်လင်း က ပြုံးပြီးပြောလိုက်သည်။

"ငါ့အစ်မက မြင့်မြတ်နယ်မြေ
ရဲ့အစောင့်တပ်မှာ
ထိန်းတပ်ဖွဲ့ဝင်တစ်ယောက်လေ။ သူမက အခု
အသက် ၂၁ နှစ်ပဲ ရှိသေးပေမဲ့ အဆင့် ၉
ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသား ကို
ပိုင်ဆိုင်ထားတယ်။
ဒါ့အပြင် သူမ အသုံးပြုတဲ့ဓားက
မြင့်မြတ်နယ်မြေကပဲ ပိုင်ဆိုင်နိုင်တဲ့

ကြယ်သံမဏိကို ပုံတူကူးထားတဲ့
တာအိုရတနာလက်နက်ဖြစ်တယ်လေ။
ပြီးတော့ သူမက တာအိုအဆင့်ဓားနည်းစနစ်
(၃)ခုတောင် ပိုင်ဆိုင်ထားတယ်။"

လော့ကျန်း က ခေါင်းညိတ်လိုက်၏။
မည်သို့ပင်ဖြစ်စေ ဤကဲ့သို့ ခွန်အား၊
အရေအတွက်က ယန်ယွဲ့ နှင့်
မယှဉ်နိုင်သော်လည်း သိပ်ပြီး မနိမ့်ကျပေ။

“သခင်လေး လော့! နင် သိလား? ငါ့အစ်မ ရဲ့ခွန်အားက မြင့်မြတ်နယ်မြေ အစောင့်တပ်မှာ ထိပ်တန်းအဆင့် ၅၀ ထဲကို ဝင်ဖို့ မလုံလောက်သေးဘူး။" လန်လင်း က မျက်နှာထက်၌ အပြုံးနှင့် ပြောလိုက်ပါသည်။

လန်လင်း အဆုံးသတ် ပြောလိုက်သည့် စကားကြောင့် လော့ကျန်း ၏နှလုံးသားက ပြင်းထန်စွာ တုန်လှုပ်သွားပါတော့သည်။

ဤအခိုက်အတန့်တွင်
မြင့်မြတ်သောဟန်အင်ပါယာ
၏ဘိုးဘေးများပင်လျှင် မြင့်မြတ်နယ်မြေ ကို
မည်သည့်အတွက် ကြောက်ရွံ့ခဲ့သည်ကို
နားလည်သွားပါသည်။

သိုင်းကျောဇ်များကို အသာထား၊ ၎င်း
၏ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
အစောင့်တပ်များကပင် ထူးခြားပြီး
ကြောက်စရာကောင်းသော
တည်ရှိမှုများဖြစ်သည်။

အကယ်၍ မြင့်မြတ်နယ်မြေ
၏ထိုအစောင့်တပ်သာ ဆန်းကြယ်တိုက်ကြီး
သို့ ဝင်ရောက်လာပါက တိုက်ကြီးတစ်ခုလုံးမှ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ပူးပေါင်းမှသာ ၎င်းတို့ကို
ရင်ဆိုင်နိုင်မည်ဖြစ်သည်။

“၁၀ ဦးပဲ လိုတယ်။ မဟုတ်ဘူး၊
မြင့်မြတ်အစောင့်တပ်သား ၅ ယောက်ပဲ
လိုအပ်တယ်။ ပြီးတော့ ယန်ယွဲ့၊ အဲဒီအရိုးစုနဲ့
အဲဒီ ခရမ်းရောင်မင့်ခ် သေသွားမယ်ဆိုတာ

သေချာပါတယ်။" လန်လင်း က
ပြောလိုက်သည်။

"ငါလည်း ဒါကိုမျှော်လင့်ပါတယ်!" လော့ကျန်း
က ထိုစကားကို ပြောလိုက်ပြီးနောက်
မည်သည့်စကားမှ ထပ်မပြောတော့ဘဲ
ငြိမ်နေလိုက်၏။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၅၁ – ဆွေးနွေးခြင်း

ထို့နောက်တွင် ချင်ဖုန်း နှင့် လန်လင်း က မြင့်မြတ်နယ်မြေ ၏အစောင့်တပ်ကို ခေါ်ယူရန် မြင့်မြတ်နယ်မြေ သို့ ပြန်၍ ထွက်ခွာသွားခဲ့သည်။

တစ်ဖက်တွင် လော့ကျန်း ဦးဆောင်သည့် မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်တပ်ကြီး က မင်းမဲ့စရိုက်သမုဒ္ဒရာဆီသို့ ဆုတ်ခွာသွားသည်။

ဤအခိုက်တွင် လော့ကျန်း က သင်ခန်းစာတစ်ခုရသွားသဖြင့် သတိအပြည့်ရှိနေပြီး စစ်တပ် ၏ပတ်ပတ်လည်၌ စွမ်းအင်ဝက်ပါတစ်ခုနှင့်ကာကွယ်ထားသည်။ အကယ်၍ တစ်စုံတစ်ယောက် အပြင်ကနေ ဝင်လာပါက ချက်ချင်း သတိပြုမိနိုင်သည်။

ထို့အပြင် အခြေအနေအားလုံး သိရှိရန်အတွက်
မြင့်မြတ်သောဟန်အင်ပါယာ
၏ကောင်းကင်ကွန်ယက် နှင့်
မြေကမ္ဘာကွန်ယက် ကိုပါ အသုံးပြုလိုက်သည်။

ရှေးဟောင်းဒိုမိန်းမြို့မှ ခြင်တစ်ကောင်
ပျံထွက်သွားလျှင်ပင် သူ့ကို ချက်ချင်း
အကြောင်းကြားမည်ဖြစ်သည်။

ဤအချိန်တွင် လော့ကျန်း
၏စစ်တပ်တစ်ခုလုံးက အလွန်အမင်း
ထိတ်လန့်နေပါသည်။

အကြောင်းအရင်းမှာ ယန်ယဲ့နှင့်အဖွဲ့က ၎င်းတို့
၏အကာအကွယ်ဝက်ပါကို ချိုးဖျက်၍
နောက်တစ်ကြိမ် လာသတ်မည်ကို
အလွန်ကြောက်လန့်နေကြခြင်းပင်။

လော့ကျန်း ၏စစ်တပ်အခြေအနေနှင့်
နှိုင်းယှဉ်ပါက ရှေးဟောင်းဒိုမိန်းမြို့တစ်ခုလုံး
ပျော်ရွှင်စရာအငွေ့အသက်များ
ဖုံးလွှမ်းထားသည်။

ယန်ယဲ့နှင့်အဖွဲ့က လော့ကျန်း ၏စစ်တပ်ထဲသို့ ဝင်ရောက်ကာ
အစုလိုက်အပြုံလိုက်သတ်ဖြတ်ပစ်သည် ဟူသော သတင်းကြောင့် ရှေးဟောင်းဒိုမိန်းမြို့ရှိ လူတိုင်း ယုံကြည်မှုများ တိုးပွားလာခဲ့သည်။

ဤသို့ဖြင့်....။

သတိမထားမိလိုက်ဘဲ နှင့် ယန်ယဲ့ဟာ လူတိုင်း၏စိတ်ပိုင်းဆိုင်ရာ
ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။

မရေမတွက်နိုင်သောလူများက ၎င်းတို့ရှေ့တွင်ယန်ယွဲ့ ရှိနေသရွေ့
မြင့်မြတ်သောဟန်အင်ပါယာ နှင့် ဗဟိုနယ်မြေ၏ထိပ်သီးပညာရှင် များကို ရင်ဆိုင်ရလျှင်ပင်အနိုင်ရမည်ဟု လုံးဝ ယုံကြည်ထားကြသည်။

တစ်နည်းဆိုရလျှင် ဤကမ္ဘာလောကကြီးကသန်မာသူများကိုသာ လေးစားသည့် ကမ္ဘာကြီးပင်။

ယန်ယဲ့ သည် ရွှေနဂါးကြီးပေါ်၌ ရပ်နေရင်း ခရမ်းရောင်မင့်ခ်ကလေး ကို ပွေ့ဖက်လိုက်၏။

သူမလေးက ဆန်းကြယ်ရွှေချိကန်ထဲသို့ ဝင်ရောက် ပုန်းအောင်းရန် ကြံစည်နေခြင်းကြောင့်ပါ။

“အငယ်လေး၊ မင်းက သေချာပေါက် လူသားအသွင်ဆောင်နိုင်ပြီ ဟုတ်လား။ ငါ့အတွက် အသွင်ပြောင်းမလား၊ မင်းကို အခွင့်ကောင်းယူမှာမဟုတ်ဘူးလို့

ငါအာမခံတယ်!" ယန်ယဲ့ က မလုပ်ဘူးဟု

ပြောလိုက်သော်လည်း

ခရမ်းရောင်မင့်ခ်ကလေး

၏နှဖူးကိုနမ်းလိုက်လေသည်။

ခရမ်းရောင်မင့်ခ်ကလေး

၏မျက်နှာသေးသေးလေးက

ချက်ချင်းနီရဲလာကာ

လက်သေးသေးလေးနှစ်ဖက်ဖြင့်

သူမ၏မျက်နှာကိုကာထားလေသည်။

ယန်ယဲ့ ဟာ မည်သို့ပင် တောင်းဆိုနေပါစေ ခရမ်းရောင်မင့်ခ်ကလေးက ရှက်ရွံ့နေသဖြင့် လူသားအသွင် ပြောင်းလဲမပေးခဲ့ပေ။ ယန်ယဲ့ သည်လည်း ဤအခြေအနေကြောင့် မည်သို့မှ မတတ်နိုင်ဘဲ အံကြိတ်၍သာ နေလိုက်၏။

သူ့စိတ်ထဲတွင်တော့ ခရမ်းရောင်မင့်ခ်ကလေး ၏လူသားအသွင်ကို အမှန်တကယ် မြင်တွေ့ချင်နေပါသည်။

ရုတ်တရက် သူ့ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်
ပြောင်းလဲသွားသည်ကိုသတိပြုမိလိုက်ရာ
ရှေးဟောင်းဒိုမိန်းမြို့၏အထက်ကောင်းကင်သို့
ပျံတက်လိုက်သည်။

ရှေးဟောင်းဒိုမိန်းမြို့အထက်ကောင်းကင်
အာကာသဟင်းလင်းပြင် ထဲ၌
တည်ထောင်သူကြေရာဇ် ၊ သားရဲကြေရာဇ်၊
နတ်မိစ္ဆာကြေရာဇ် နှင့် နဂါးအင်ပါယာ
တို့ရှိနေသည်ကို မြင်လိုက်သည်။

"ကလေး၊ မင်း အခုဒုက္ခရောက်နေပြီ!"

နဂါးအင်ပါယာ က ယန်ယဲ့ ကို မြင်သောအခါ အေးစက်စက် ရယ်မောပြီး "မင်းရဲ့ မသိနားမလည်မှုကနေ မကြောက်မရွံ့တာလား ဒါမှမဟုတ် ဝက်တစ်ကောင်လို မိုက်မဲနေတာလား ငါတကယ်မသိနိုင်တော့ဘူး။ မင်းသတ်ခဲ့တဲ့လူ ၃ ယောက်က ဘယ်သူတွေလဲ မင်းသိလား? သူတို့က မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေပဲ။

မြင့်မြတ်နယ်မြေ ဆိုတာကော ဘာလဲ သိလား? သိုင်းကျောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ နေရာတစ်ခုလို့ဆိုနိုင်တယ်။

အခု မင်းရဲ့သူတော်စင်တစ်ပိုင်းအဆင့်
ဆရာတောင် မင်းကို မကယ်နိုင်တော့ဘူး!"

"စီနီယာက ဘာပဲဖြစ်ဖြစ်
နတ်ဘုရားသားရဲ့နဂါးမျိုးနွယ် မဟုတ်ဘူးလား?
အခုကျတော့ စီနီယာက ဘာလို့ ဒီလောက်
သူရဲဘောကြောင်ပြီး မြင့်မြတ်နယ်မြေကို
ကြောက်တာလဲ? စီနီယာက ငါ့ထက်တောင်
အင်အားနည်းသေးလို့လား" ယန်ယဲ့ က
နဂါးအင်ပါယာ ကို မျက်နှာသာမပေးဘဲ
ချက်ချင်း တုံ့ပြန်လိုက်သည်။

နဂါးအင်ပါယာ က ဒေါသတကြီးနှင့်
အော်လိုက်သည်။ “မင်း
ဘယ်လိုအင်အားစုမျိုးကို
ရန်စလိုက်တာလဲဆိုတာ သိသလား?
အဲဒါက မြင့်မြတ်သောဟန် အင်ပါယာနဲ့
နှိုင်းယှဉ်နိုင်တဲ့ အရာမဟုတ်ဘူး။
တကယ်လို့ သူတို့ရဲ့ စစ်တပ်သာ
ဆန်းကြယ်တိုက်ကြီး ကို ဝင်လာမယ်ဆိုရင်
ငါတို့တိုက်ကြီးတစ်ခုလုံးက
အဆင့်နိမ့်တပ်ဖွဲ့တွေပါ ပူးပေါင်းထားရင်တောင်
အနိုင်ယူဖို့ မဖြစ်နိုင်ဘူး။ နားလည်လား?

ဒါ့အပြင် လွှန်ခဲ့တဲ့နှစ်တစ်သောင်းတုန်းက

အနှောင်အဖွဲ့ကင်းမဲ့သူ

မြင့်မြတ်သောဟန်အင်ပါယာကို ဘာကြောင့်

မဖျက်ဆီးနိုင်ခဲ့တာလဲကော သိလား?

ဘာကြောင့်လဲဆိုတော့ မြင့်မြတ်နယ်မြေ က

ပညာရှင်တွေ စေလွှတ်ခဲ့လို့ပဲ။

အနှောင်အဖွဲ့ကင်းမဲ့သူ လို တိုက်ကြီး

ရဲ့အထွတ်အမြတ်ပညာရှင်ကတောင်

မြင့်မြတ်နယ်မြေ ကို ရန်မစရဲဘူး။ မင်းက

ကိုယ့်ကိုယ်ကို ဘယ်သူထင်နေတာလဲ?"

"ငါသူတို့ကိုသတ်ပြီးပြီ၊
အခုဒါတွေအကုန်ပြောနေတာ ဘာသဘောလဲ"
ယန်ယဲ့ က နဂါးအင်ပါယာ ကို တည့်တည့်
စိုက်ကြည့်ကာ "ဖြစ်ကောင်းဖြစ်နိုင်
မြင့်မြတ်နယ်မြေ ရဲ့ခွင့်လွှတ်မှုကို တောင်းခံဖို့
ငါ့အသက်နဲ့ လဲလှယ်ချင်နေတာလား?"

နဂါးအင်ပါယာ ၏ပါးစပ်က ဒေါသကြောင့်
တဆတ်ဆတ် တုန်လှုပ်သွားသည်။
ထိုအတောအတွင်း နတ်မိစ္ဆာကေရာဇ်က
ပြောလာသည်။ “ကလေး၊ ငါတို့က တိုက်ကြီး
ရဲ့ပညာရှင်တွေကို မြင့်မြတ်နယ်မြေဆီ

စေလွှတ်ပြီး နယ်ခြားမိစ္ဆာတွေကို ဖိနှိပ်ဖို့

ကူညီပေးမယ်လို့ ကတိထားခဲ့တယ်။

အခုတော့ မင်းက မြင့်မြတ်နယ်မြေ

ရဲ့အဖွဲ့ဝင်တွေကို သတ်ပစ်လိုက်ပြီ။

ဒါကြောင့် မြင့်မြတ်နယ်မြေ က မင်းကို

သေချာပေါက် လွှတ်ပေးမှာမဟုတ်ဘူး။

ပြီးတော့ မင်းနဲ့ ငါတို့က

မဟာမိတ်တွေဖြစ်နေတယ်။

ဒီတော့ မင်းရဲ့ရည်ရွယ်ချက်က ဘာလဲဆိုတာ

အတိအကျ မေးဖို့ ငါတို့က ဒီကို လာခဲ့တာ။

ဒါ့အပြင် မြင့်မြတ်နယ်မြေ က ဘယ်အရာကို ကိုယ်စားပြုတယ်ဆိုတာ မင်း သဘောပေါက်ထားလား?"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး "ငါ ဒါတွေအကုန်သိတယ်။"

"မင်းသိနေတာတောင် သူတို့ကိုသတ်ဖို့ သတ္တိရှိတုန်းဘဲ!" နဂါးအင်ပါယာက ဒေါသတကြီးနဲ့ပြောလိုက်လေသည်။

"မင်းကြောင့် ငါတို့နတ်ဆိုးမျိုးနွယ်အပေါ်
မြင့်မြတ်နယ်မြေ က
ဘယ်လိုသဘောထားမယ်ဆိုတာ မင်းသိလား"

နတ်မိစ္ဆာကေရာဇ်က တိုးညှင်းသော အသံဖြင့်
ဆက်ပြောလိုက်သည်။
"မင်းရဲ့အစီအစဉ်ကဘာလဲ။
အမှန်အတိုင်းပြောရရင်၊
ငါတို့နတ်ဆိုးမျိုးနွယ်က မင်းကိုဖျက်ဆီးဖို့
တကယ်ရည်ရွယ်ထားရင် မင်းအတွက်နဲ့
မြင့်မြတ်နယ်မြေကို ဆန့်ကျင်မှာမဟုတ်ဘူး။

တည်ထောင်သူကေရာဇ်နဲ့
သားရဲကေရာဇ်တို့လည်း စိတ်သဘောထားချင်း
အတူတူပဲလို့ မြင်တယ်။ ဒါနဲ့
မင်းဘာလုပ်ဖို့ကြိုးစားနေတာလဲ
ဆိုတာအတိအကျသိရအောင် ဒီကိုလာခဲ့တာ။"

"သူက ကောင်းကင်ကြီးကို အံ့တုဖို့ ကြံနေတာ!"
နဂါးအင်ပါယာက
အေးစက်စွာအော်လိုက်သည်။

ယန်ယဲ့ သည် စကားပြန်မပြောခင်
ခဏလောက် တိတ်ဆိတ်နေပြီးမှ
ပြောလိုက်၏။ "အကြီးအကဲ!  မင်းတို့အားလုံး
မြင့်မြတ်နယ်မြေဆီ သွားကူရင်တောင်
စည်းတံဆိပ်ကို ဖောက်ထွက်မရအောင်
မတားနိုင်ဘူးလို့ ငါပြောရင် မင်းယုံမှာလား။ ?”

ဤစကားကိုကြားသောအခါ လူတိုင်း
မျက်မှောင်ကြုတ်လိုက်ကြပြီး
နတ်မိစ္ဆာကောရာဇ်ပင်လျှင် သိသိသာသာ
မျက်မှောင်ကြုတ်နေ၏။

သူ့စိတ်ထဲ၌ ယန်ယဲ့ ၏လုပ်ရပ်ကို
သဘောမကျသော်လည်း ၎င်းက သူတို့အား
လှည့်စားနေသည်ဟု မထင်ပေ။
တစ်ချိန်တည်းတွင် ယန်ယဲ့ က သက်သေမရှိဘဲ
ထိုစကားပြောလျှင် လူတိုင်း ၏ယုံကြည်မှုကို
သေချာပေါက် ဆုံးရှုံးသွားမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ယန်ယဲ့ ဟာ
မည်သည့်အကြောင်းကြောင့်
လှည့်စားပြောပါမည်လော။

လူတိုင်းလည်း ယန်ယဲ့ က

ထိုမျှမမိုက်မဲကြောင်းခံစားမိကြသည်။

၆၅၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၅၂ – သဘောထားကွဲလွဲ

"မင်းဘာကိုဆိုလိုတာလဲ?"
ဤစကားပြောလိုက်သူက
တည်ထောင်သူကေရာဇ် ပင်။

ယန်ယဲ့ က "နယ်ခြားမိစ္ဆာတွေကို
တားလို့မရဘူး။ ငါတို့က ငါတို့ရဲ့တပ်ဖွဲ့တွေကို
မြင့်မြတ်နယ်မြေဆီပို့ပြီး
အသက်စွန့်ခိုင်းရမှာလား။

ဒါက သဘာဝမကျဘူး၊ ပြီးတော့
မြင့်မြတ်နယ်မြေက ငါတို့ကို
အမြောက်စာလို့သဘောထားပြီးအသုံးချမှာ။

မှန်တယ်၊ အဲဒါက ငါ့ရဲ့ခန့်မှန်းချက်တစ်ခုပဲ။ နောက်ဆုံးတော့၊ လူတိုင်း စဉ်းစားကြည့်! ငါတို့ကမြင့်မြတ်နယ်မြေထဲကို ဝင်လိုက်တာနဲ့ ကိုယ့်ကိုယ်ကို ဘာမှ ဆုံးဖြတ်ပိုင်ခွင့် ရှိလာမှာ မဟုတ်ဘူး။”

နတ်မိစ္ဆာကေရာဇ် က ရုတ်တရက် ပြောလိုက်သည်။ "အကြောင်းပြချက်က ဘာလဲ!"

ယန်ယွဲ့ က ခဏတာ လေးလေးနက်နက် စဉ်းစားပြီးနောက် ညာလက်ကို ယမ်းလိုက်ရာ ရှေးဟောင်းဓားအိမ် ပေါ်လာ၏။

"အကြီးအကဲတွေအားလုံး၊ ဒီရှေးဟောင်းဓားအိမ် ရဲ့မူလဇာစ်မြစ်ကို သိကြလား?"

နတ်မိစ္ဆာကေရာဇ် က ယန်ယွဲ့ ၏လက်ထဲမှ ရှေးဟောင်းဓားအိမ် ကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

“ငါ့ရဲ့နတ်ဆိုးမျိုးနွယ် မှတ်တမ်းတွေ မပေါ်ခင်ကတည်းက ဒီရှေးဟောင်းဓားအိမ်

ရှိနေခဲ့တာ။ အတိတ်မှာ နတ်ဆိုးမျိုးနွယ်ရဲ့ဘိုးဘေးတွေက အဲဒါကို လေ့လာခဲ့တယ်။ ပြီးတော့ အဲဒါကိုပိုင်ဆိုင်ထားတဲ့သူတိုင်းက ကျန်တဲ့ဓားပညာရှင်တွေကို ဖိနှိပ်နိုင်လို့ ဓားအင်ပါယာ ရဲ့အမှတ်အသားလို့ ယူဆခဲ့ကြတယ်။

ဒါနဲ့ မင်းက ဒါကို ဘယ်လိုကြောင့်ပြောတာလဲ? နယ်ခြားမိစ္ဆာတွေ နဲ့များ ပတ်သက်နေလို့လား?"

ယန်ယွဲ့ က ပြုံးကာ "အကြီးအကဲ! ဓားအိမ်ရှိနေလို့ ဓား ကော ရှိရမယ်လေ။ အခု ဓား ဘယ်မှာလဲ သိလား?"

နတ်မိစ္ဆာကေရာဇ် ၏မျက်လုံးများက
ကျဉ်းမြောင်းသွားကာ “ဒါက မြင့်မြတ်နယ်မြေ
မှာလား?" ဟု မေးလိုက်လေသည်။

ယန်ယဲ့ က ခေါင်းညိတ်၍ ပြောလိုက်၏။
"သူ့ရဲ့ဓားက မြင့်မြတ်နယ်မြေ
ရဲ့ကန့်သတ်နယ်မြေထဲမှာ ချုပ်နှောင်ထားတဲ့
နယ်ခြားမိစ္ဆာတွေကို ဖိနှိပ်ထားတယ်။
ပန်းနန်းတော် ရဲ့တည်ထောင်သူဘိုးဘေး
ပြန်ဆင်းလာတာက နတ်ဆိုးအကျဉ်းထောင်
ရဲ့စည်းတံဆိပ်ကို ပိုပြီးအားနည်းသွားစေတယ်။

ဒါကြောင့် တိုက်ကြီး ရဲ့ရှေးခေတ်ပညာရှင်တွေနဲ့ ရှေးဟောင်းဓားကနေ ဖန်တီးထားတဲ့ စည်းတံဆိပ်က နယ်ခြားမိစ္ဆာတွေကို ထပ်ပြီး ချုပ်နှောင်မထားနိုင်တော့ဘူး။ အခုချက်ချင်း တံဆိပ်ကို မချိုးဖျက်သေးတာက သူတို့ရဲ့အပေါင်းအပါတွေနိုးထတဲ့အထိ စောင့်နေလို့ပဲ။"

ဤအချိန်တွင် ယန်ယဲ့ က ဆက်ပြောခဲ့သည်။

"တကယ်တော့ မြင့်မြတ်နယ်မြေ ရဲ့အဆင့်မြင့်အာဏာပိုင်တွေလည်း ဒါကို ရှင်းရှင်းလင်းလင်း သိနေကြတယ်လို့

ငါထင်တယ်။ မဟုတ်ရင် ငါတို့တိုက်ကြီးရဲ့
ထိပ်သီးပညာရှင်တွေအားလုံး
စေလွှတ်ပေးဖို့ဘာကြောင့်
တောင်းဆိုကြတာလဲ?

သူတို့က အမြောက်စာထားစရာ
ရှာနေတာလို့တောင် ခံစားရတယ်။ ဟုတပယ်၊
ဒါတွေအားလုံးက ငါ့ရဲ့
ခန့်မှန်းချက်တစ်ခုတည်းပဲ။”

"မင်းပြောခဲ့တာတွေက မမှန်သလို မင်းရဲ့
ခန့်မှန်းချက်တွေက မှားနေတယ်ဆိုရင် ငါတို့
မသွားဘဲ ငြင်းဆန်လိုက်တာက

မြင့်မြတ်နယ်မြေ ကို စော်ကားတာတင်
မဟုတ်ဘူး၊ နယ်ခြားမိစ္ဆာတွေကိုတောင်
လွတ်မြောက်ခွင့်ပေးသလိုဖြစ်သွားလိမ့်မယ်။
အဲဒီအချိန်ကျရင် ငါတို့အားလုံး
တိုက်ကြီးတစ်ခုလုံးရဲ့အပြစ်သားတွေ
ဖြစ်သွားမှာနော်။" နတ်မိစ္ဆာကေရာဇ် က ယန်ယဲ့
ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ဒါပေမယ့် အမှန်ဆိုရင် ဘယ်လိုလုပ်မလဲ?"
ယန်ယဲ့ က ခပ်ပြတ်ပြတ်ပင်
ပြောလိုက်ပါသည်။

အားလုံးတိတ်ဆိတ်သွားကြသည်။

၎င်းတို့သည် တိုက်ကြီးကို
ကာကွယ်လိုသော်လည်း နယ်ခြားမိစ္ဆာများ
စည်းတံဆိပ်ကနေ ချိုးဖျက်၍ထွက်လာချိန်တွင်
မြင့်မြတ်နယ်မြေ အတွက် အမြောက်စာများ
မဖြစ်လိုကြပေ။

နတ်မိစ္ဆာဧကရာဇ် က ရှုတ်တရက်
လေးလံသောအသံဖြင့် "မင်းပြောခဲ့တဲ့စကားက
မှန်တယ်ဆိုရင်တောင်မှ ငါတို့ဟာ
မြင့်မြတ်နယ်မြေ နဲ့ မပူးပေါင်းဘဲ

ကိုယ့်အစွမ်းအစကို
အားကိုးနေမယ်ဆိုရင်လည်း
နယ်ခြားမိစ္ဆာတွေကို ခုခံနိုင်မှာ မဟုတ်ဘူး။ !”

ယန်ယဲ့ က ခေါင်းခါယမ်းလိုက်ပြီး
"ငါ့အမြင်ကိုပဲပြောခဲ့တာ။ ကျန်တဲ့ကိစ္စတွေက
အကြီးအကဲ တို့ပဲ သွားသင့်မသွားသင့်
ဆုံးဖြတ်ရမှာ။ ဘာပဲဖြစ်ဖြစ် ငါတော့
မသွားဘူး။”

မှန်သည်။ သူ၏ကျင့်ကြံမှု သိုင်းဧကရာဇ်အဆင့်
သို့ တက်လှမ်းပြီးနောက် သူ့ဘေးနားမှ

လူတိုင်းအား မူလစေတီ ထဲ၌ နေထိုင်ရန်
ခွင့်ပြုနိုင်မည်ဖြစ်သည်။
ထိုအချက်ကြောင့် ယန်ယဲ့ ၏စိတ်ထဲတွင်
နယ်ခြားမိစ္ဆာများ (သို့) မြင့်မြတ်နယ်မြေ ကို
ဂရုမစိုက်ပေ။

၎င်းတို့အနေနှင့် သူ့အား ပြဿနာမရှာသရွေ့
သူလည်း ဂရုစိုက်နေမည်မဟုတ်ချေ။
သို့ရာတွင် ၎င်းတို့သာ
ပဋိပက္ခပြဿနာဖန်တီးလာပါက သူ့အနေဖြင့်
အားလုံးကို တစ်ယောက်မကျန်
သတ်ပစ်မည်ဖြစ်သည်။

"ငါ့ရဲ့နတ်ဘုရားသားရဲ့ရွှေနဂါးကလန် ကတော့ မြင့်မြတ်နယ်မြေ ကို သွားဖို့ ဆုံးဖြတ်ထားတယ်။" ဤအခိုက်တွင် နဂါးအင်ပါယာ က ရုတ်တရက် ပြောလိုက်၏။

"နတ်မိစ္ဆာဧကရာဇ်၊ ငါတို့က မြင့်မြတ်နယ်မြေကို စော်ကားလို့ သူတို့ရဲ့ ပညာရှင်တွေ စေလွှတ်လိုက်မယ်ဆိုရင် ဘယ်လိုအခြေအနေရောက်သွားမယ်ဆိုတာ မင်းလည်း သဘောပေါက်မှာပါ။

ငါတို့က မြင့်မြတ်နယ်မြေ ရဲ့ပညာရှင်တွေ ကို ခုခံနိုင်ရင်တောင် အဆုံးအထိ ဖြစ်နိုင်ပါ့မလား?

ဒါက ဟာသတစ်ခုပဲလေ။  ဒါ့ပြင် ယန်ယဲ့
ပြောခဲ့တဲ့စကားက မှန်တယ်ဆိုရင်တောင်မှ
မြင့်မြတ်နယ်မြေကို ပူးပေါင်းဖို့ ငါတို့မှာ
ပိုပြီးတာဝန်ရှိတယ်။

ဒီလိုမှမဟုတ်ရင် နယ်ခြားမိစ္ဆာတွေက
မြင့်မြတ်နယ်မြေ ကို
ဖျက်ဆီးလိုက်နဲ့အခါကျရင် ငါတို့ကော...
အသက်ရှင်နိုင်ဦးမှာလား?"

နတ်မိစ္ဆာဧကရာဇ် လည်း နဂါးအင်ပါယာ
၏စကားကြောင့် အနည်းငယ် ချီတုံချတုံ
ဖြစ်သွားသည်။

ထိုအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့ ၏ပုခုံးပေါ်၌ ရုတ်တရက်ပေါ်လာပြီး နတ်မိစ္ဆာကောရာဇ်ထံသို့ ပြေးသွားလေသည်။

သူမလေးက နတ်မိစ္ဆာကောရာဇ်အား မည်သည့်စကား ပြောလိုက်သည်ကို မည်သူမျှမသိသော်လည်း နတ်မိစ္ဆာကောရာဇ် ၏မျက်လုံးများတွင် ချီတုံချတုံအမူအရာများငြီး ချက်ချင်းပျောက်ကွယ်သွားသည်ကို သတိထားမိလိုက်ကြသည်။

"ငါ့
နတ်ဆိုးမျိုးနွယ်(လေဟာနယ်မင့်ခ်ကလန်)က
မသွားဘူး!" နတ်မိစ္ဆာကေရာဇ် ထံမှ
ရုတ်တရက် ထွက်လာသည့်
ပြတ်ပြတ်သားသား စကားသံကြောင့် လူတိုင်း
အံ့အားသင့်သွားကြ၏။
"အဲဒီ ခရမ်းရောင်မင့်ခ် က နတ်မိစ္ဆာကေရာဇ် ကို
ဘာပြောလိုက်တာလဲ?"

Book.35